mgyoe.com

SAMPLE BOOK

# ညီညီနိုင်

သူဌေးဖေဖေရဲ့

# အောင်မြင်သူတို့ဇာတ်လမ်းများ

Rich Dad's


# SUCCESS STORIES


ROBERT T.KIYOSAKI
SHARON L.LECHTER


mgyoe.com


ဒုတိယအကြိမ်

SAMPLE BOOK


ညီညီနိုင်
Five Minute
Biographies by
DALE CARNEGIE



ညီညီနိုင်



ညီညီနိုင်
DALE CARNEGIE


Herbert N. Casson
How to Overcome Competition
ညီညီနိုင်


ညီညီနိုင်


RICH DAD'S
RICH KID
SMART KID
Robert T. Kiyosaki
Sharon L. Lechter
E B
S I
ညီညီနိုင်


RULES
WEALTH
ညီညီနိုင်


ညီညီနိုင်
David Niven (Ph.D)
The 100 Secrets of Happy Families


Dr Spencer Johnson
WHO MOVED MY CHEESE
ညီညီနိုင်
Darrel Bristow-Bovey
I MOVED YOUR CHEESE

mgyoe.com SAMPLE BOOK


- တန်ဖိုး

  ၄၀၀၀ ကျပ်

- အုပ်ရေ

  ၅၀၀ အုပ်

- အကြိမ်

  ဒုတိယအကြိမ်

- ထုတ်ဝေသည့်အချိန်

  ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ

- ထုတ်ဝေသူ

  ဦးသိမ်းမင်း (၀၄၂၉၁)

  ပန်းရွှေပြည်စာအုပ်တိုက်

  ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊

  တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

- ပုံနှိပ်သူ

  ဦးဇေယျာဦး (၀၁၅၇၉)

  Silver Sky Press

  အမှတ် ၂၆၊ ၉၇ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊

  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

- စာအုပ်ချုပ်

  မင်းဇော်


mgyoe.com

mgyoe.com SAMPLE BOOK

# ညီညီနိုင်

**သူဌေးဖေဖေရဲ့**

# အောင်မြင်သူတို့ ဇာတ်လမ်းများ

**Rich Dad's**

# SUCCESS STORIES

Robert T. Kiyosaki

Sharon L.Lechter

mgyoe.com

# ပန်းရွှေပြည်စာအုပ်တိုက်ရဲ့ ညီညီနိုင်ဘာသာပြန်စာအုပ်များ

## ကိုယိုဆာကိုသူဌေးဖေဖေစီးရီး

* သူဌေးဖေဖေ ဆင်းရဲဖေဖေ
* ချမ်းသာတဲ့ကလေး ပါးနပ်တဲ့သူငယ်
* အငြိမ်းစားလူငယ် အငြိမ်းစားသူကြွယ်
* လူတိုင်းတက်သင့်တဲ့ စီးပွားရေးပညာသင်ကျောင်း
* မီလျံနာ မဖြစ်ချင်ဘူးလား
* ချမ်းသာစေချင်လွန်းလို့ပါ

## ဒေးလ်ကာနက်ဂျီစီးရီး

* ၅ မိနစ်အတ္ထုပ္ပတ္တိများ
* တိုးတိုးတိတ်တိတ် ဖြစ်ရပ်များ
* လူကျော်လူတော်များ

## စီးပွားရေး အုပ်ချုပ်ရေး ပညာပေးစီးရီး

* ခေါင်းဆောင်မှုသဘောတရား * ဦးစီးဦးဆောင်မှု လမ်းညွှန် * ငါ့ဝိုက်ဆံတွေ ဘယ်သူယူသွားသလဲ * ဝမရှိဘဲ ဝိလုပ်မယ် * သူဌေးတို့လျှောက်သောလမ်း * အဆင့်မြင့် စွမ်းအားရှင်တို့၏ အမူအကျင့် * ကဲ- ဘယ်လို ဆုံးဖြတ်မလဲ * လူ့စွမ်းအားရင်းမြစ် စီမံခန့်ခွဲမှု * ငါ့ဒိန်ခဲကို ဘယ်သူ နေရာပြောင်းပစ်သလဲ။ မင်းဒိန်ခဲကို ငါ နေရာပြောင်းတယ် * ဘယ်ကျောင်းမှာနေ ဘယ်စာတွေ သင်မလဲ * လူဆိုတဲ့လူ အစွမ်းအစရှိတဲ့လူ * ဇာဘုရင့် နန်းတော်ထဲက ရင်ငွေ့လှုံဆရာကြီး ရပ်စ်ပြူတင် * ကြီးပွားချမ်းသာရေး ခေတ်သစ်သိုက်စာ * မျက်နှာကဲခတ် အတတ်ပညာ * တကယ်လုပ်ပြီး အဟုတ်ဖြစ်နေသူများ * သူဌေးဖေဖေ ငွေရှာနည်း * အောင်မြင်သူတို့ဇာတ်လမ်းများ * လူတွင်ကျယ်ဖို့ လူရည်လည်ဖို့ * မပြောသောစကားကို နားလည်ရေး * တိမ်မြင့်စံအတွေးများ၏ အံ့ဖွယ်တန်ခိုးများ * ချမ်းမြေ့သာယာ မိသားစုတို့ကမ္ဘာ * ပြိုင်ပွဲဝင် စီးပွားရေးသမား * အဖိုးတန်တဲ့လူ အဖိုးတန်တဲ့ဘဝ * ပညာနှင့်ဘဝ အောင်မြင်ရေးလမ်းညွှန်

mgyoe.com

mgyoe.com SAMPLE BOOK

# ပါဝင်သောအခန်းများ


| | | | |
|---|---|---|---|
| | * | မိတ်ဆက်အမှာစာ | ၆ |
| အပိုင်း ၁ - | ၁။ | မရှိမဖြစ် ငွေကိစ္စ | ၁၀ |
| | ၂။ | လုပ်သင့်တာ လုပ်ခဲ့ကြပါပြီ | ၂၂ |
| | ၃။ | အချိန်မနှောင်းသေးပါ | ၃၁ |
| အပိုင်း ၂ | ၄။ | ခိုင်မာတဲ့ ယုံကြည်ချက်နှင့်အတူ | ၃၈ |
| | ၅။ | မတူခြားနားတဲ့ ပညာရေး | ၄၄ |
| | ၆။ | အောင်ပွဲတွေက ကြိုနေပါ | ၅၃ |
| | ၇။ | အားလုံးရဲ့ အရင်းအမြစ် | ၆၂ |
| အပိုင်း ၃ | ၈။ | ထိပေါက်တာထက် ပိုကောင်းတယ် | ၇၇ |
| | ၉။ | အကျိုးများတဲ့ ဆုံးဖြတ်ချက် | ၈၄ |
| | ၁၀။ | ၃ ယောက်ပေါင်းအစွမ်း | ၉၂ |
| | ၁၁။ | စိတ်ကိုပြောင်းလဲခြင်း | ၁၀၂ |
| အပိုင်း ၄ | ၁၂။ | စောလွန်းတယ်လို့ မရှိပါ | ၁၁၃ |
| | ၁၃။ | အနိုင်ကစားခြင်း | ၁၁၆ |
| | ၁၄။ | ကျွန်တော်တို့ ကူညီချင်ပါတယ် | ၁၂၂ |
| အပိုင်း ၅ | ၁၅။ | ကိုယ့်စာရင်း ကိုယ်ရှင်းခြင်း | ၁၃၆ |
| | ၁၆။ | မဟာဗျူဟာသစ်တစ်ခု | ၁၄၃ |
| | ၁၇။ | သင်လွယ်, တတ်လွယ်သူ | ၁၅၂ |
| | ၁၈။ | အကန့်အသတ်မရှိ | ၁၆၂ |
| အပိုင်း ၆ | ၁၉။ | စိမ်းလဲ့လွင်ပြင် | ၁၇၃ |
| | ၂၀။ | အောင်နိုင်ရေးလမ်းစဉ် | ၁၈၇ |
| | ၂၁။ | တို့ အငြိမ်းစားယူတော့မယ် | ၁၉၅ |
| | ၂၂။ | ဒုတိယအခွင့်အရေး | ၂၀၃ |


mgyoe.com

# မိတ်ဆက်အမှာစာ

## ရောဘတ်ကီယိုဆာကီ+ရှုရွန်လက်ချ်တာ

ဒီစာအုပ်က သူဌေးဖေဖေရဲ့အကြံဉာဏ်တွေအတိုင်း လက်တွေ့လုပ်ဆောင်လို့ အောင်မြင်ရသူတွေရဲ့ ကိုယ်တိုင်ရေးသား တင်ပြချက်တွေ ဖြစ်ပါတယ်။

တလောလေးကတင် အရီဇိုနာ ဖီးနစ်မြို့က တီဗီအင်တာဗျူး တစ်ခုမှာ အစီအစဉ်ထုတ်လွှင့်သူက ကျွန်တော်နှင့် စာဖတ်ပရိသတ် တစ်ယောက်ကို တွေ့ဆုံပေးခဲ့ပါတယ်။ အဲဒီ စာဖတ်သူ အမျိုးသမီးက ကျွန်တော်နှင့် တီဗီကြည့်သူ ထောင်ပေါင်းများစွာကို စောဒက တက်ခဲ့တယ်လေ။ သူက 'သူဌေးဖေဖေ ဆင်းရဲဖေဖေ'စာအုပ်ဟာ ဖတ်လို့ကောင်းပေမယ့် အချိန်ကုန်ရုံသာ အဖတ်တင်ခဲ့ကြောင်း

"စာအုပ်က ကျွန်မ ဘာဆက်လုပ်ရမယ်ဆိုတာကို ပြောမပြခဲ့ဘူး"လို့ စွဲချက်တင်ပါတယ်။ ကျွန်တော်လည်း ထူပူသွားရာက သူ့ကို ပြန်ချေပဖို့ မကြိုးစားတော့ဘူး။ မချိပြုံး ပြုံးပြလိုက်မိပါတယ်။

"ဒါဖြင့် သူက ဘာလုပ်သင့်သလဲ"

အစီအစဉ်လွှင့်ထုတ်သူက ကြားဝင်မေးတဲ့အခါ

"ဘာလုပ်ရမယ်ဆိုတာ ပြောပြပါမယ်။ တခြားစာအုပ်တစ်အုပ်ကို ရှာဖတ်ခိုင်းလိုက်ပါ"လို့သာ ကျွန်တော်က ဖြေခဲ့ပါတယ်။

မုန့်လုပ်နည်း၊ ဟင်းချက်နည်း၊ အောင်မြင်နည်း၊ သူဌေးဖြစ်နည်း ဆိုတာတွေကတော့ စာအုပ်ဆိုင်တွေနှင့် စာကြည့်တိုက်တွေမှာ ပြည့်နှက် နေပါလိမ့်မယ်။



mgyoe.com

m.gyoe.com SAMPLE BOOK

ဒါပေမယ့် ကျွန်တော်တို့စာအုပ်ကတော့ အဲဒီစာအုပ်တွေနှင့် မတူပါဘူး။

သူဌေးဖေဖေရဲ့ စီးပွားရေးပညာနှင့် အသိဉာဏ်တွေ, အတွေးအခေါ်တွေ, လမ်းညွှန်ကြီးကြပ်မှုတွေကို ဦးစားပေးပြီး ကျွန်တော်ကိုယ်တိုင်ဖြတ်သန်းလျှောက်ခဲ့တဲ့ ဘဝအတွေ့အကြုံတွေ,အမှားတွေ,ကိုယ့်ဘာသာ သင်ခန်းစာယူခဲ့ရပုံတွေကို ဖော်ပြခဲ့တာပါ။

ကျွန်တော့်လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ရမယ်လို့ စာဖတ်သူကို မခိုင်းပါဘူး။

ကိုယ်နှင့် သင့်တော်အပ်စပ်တာကို ယူ၊ မကြိုက်ရင် မယူနှင့်၊ ကိုယ်ပိုင်ဦးနှောက်နှင့် ဆင်ခြင်၊ အမြင်ကျယ်ကျယ်နှင့် လုပ်ဆောင်ဖို့ကိုသာ ညွှန်းဆိုခဲ့ပါတယ်။

ကျွန်တော်တို့ဟာ စီးပွားရေးလောကရဲ့ ငွေဝင်လမ်း ၄ ကွက် ကျားဇယားလည်း ဆွဲပြခဲ့ပြီးပါပြီ။


mgyoe.com

mgyoe.com SAMPLE BOOK


ဘက်ဘက်ခြမ်းက E နှင့် S က Employers(အလုပ်သမား, ဝန်ထမ်း)၊ Small Business (တပိုင်တနိုင်လုပ်ကိုင်သူ, အသေးစား လုပ်ငန်းရှင်)တွေကို ညွှန်းဆိုတာပါ။

ဝန်ထမ်းအလုပ်တွေက အလုပ်မြဲမို့ အာမခံချက်နှင့် လုပ်ခလစာ ခံဆုငွေတိုးဖို့ မျှော်လင့်နေချိန်မှာ အသေးစားလုပ်ငန်း လုပ်သူတွေကတော့ လုပ်ငန်းပိုင်ဆိုင်မှု ရှိနေပါတယ်။ ဒါပေမယ့် သူတို့ကလည်း လုပ်သလောက်သာ အကျိုးခံစားခွင့်ရပြီး လုပ်ငန်းအောင်မြင်လေ ပိုကြိုးစား ရလေ ဖြစ်ပါတယ်။ သူတို့ ၂ ဦးစလုံးဟာ ကျောင်းက မွေးထုတ်လိုက်တာဖြစ်ပြီး၊ ကြွက်ပြေးလမ်း ငွေဝက်ပါမှာ ချာချာလည်နေကြရစမြဲပါ။

ညာဘက်ခြမ်းက B နှင့် I ကတော့ Business Owner (လုပ်ငန်းရှင်ကြီးတွေ)နှင့် Investor (ရင်းနှီးမြှုပ်နှံသူ)ရဲ့သင်္ကေတပါ။ သူတို့ကတော့ ငွေကိုအရင်းတည်ပြီး တခြားလူတွေကို လက်ညှိုးထိုးခိုင်းသူတွေ ဖြစ်ပါတယ်။ ငွေကို ငွေနှင့် ဆပွား ပွားယူတဲ့သူတွေလို့လည်း ဆိုနိုင်ပါတယ်။ စီးပွားရေးလွတ်မြောက်မှုကို ရယူနိုင်သူတွေဖြစ်သလို ချမ်းသာအောင်မြင်ရေး 'အမြန်လမ်း'ပေါ် ရောက်နေသူတွေလို့လည်း သတ်မှတ်ကြပါတယ်။

အခု ဒီစာအုပ်ထဲမှာပါတဲ့ဇာတ်လမ်းရှင်တွေဟာ စီးပွားရေး လွတ်မြောက်မှုကို ပန်းတိုင်ထားပြီး လှုပ်ရှားနေကြသူတွေပါပဲ။

တချို့ကလည်း ဘယ်ဘက်ခြမ်းကနေ ညာဘက်ခြမ်းကို ကူးပြောင်းဆဲ၊ ဒါမှမဟုတ် ခွလုပ်နေကြရာကနေ တိုးတက်အောင်မြင်မှု ရနေကြပါပြီ။

အစပထမကတော့ သူတို့လည်း ကြောက်ရွံ့စိတ်တွေ, အခက်အခဲတွေ ရင်ဆိုင်ရတာပေါ့လေ။

သူဌေးဖေဖေရဲ့ အသိဉာဏ်နှင့် စီးပွားရေးပညာတွေ သင်ယူ


mgyoe.com

mgyoe.com  SAMPLE BOOK 

လေ့ကျင့်ရင်း ကိုယ့်လမ်း ကိုယ်ထွင် ကိုယ့်မှုကိုယ့်ဟန်နှင့် လုပ်ဆောင်ခဲ့ကြရာက အောင်မြင်မှုတွေ ရခဲ့ကြတယ် ဆိုပါတော့။

စာဖတ်သူကိုယ်တိုင်လည်း သူတို့လို အောင်ပွဲခံနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ရောဘတ်ကီယိုဆာကီ
ရှုရှုန်လက်ချိတာ



mgyoe.com

အခန်း ၁

# မရှိမဖြစ် ငွေကိစ္စ

## အက်နှင့် တယ်ရီကိုးလ်မင်း

ဗင်းနစ်၊ ကာလီဖိုးနီးယား

၁၉၆၀ ပြည့်နှစ်ဝန်းကျင်က ရုပ်ရှင်ကားတစ်ကားကို ကြည့်မယ် ဆိုရင် ၂၁ ရာစု အိမ်ငှားစားသူတွေဟာ ဟောလိဝုဒ်ရဲ့စိတ်ကူးယဉ် ကမ္ဘာတစ်ခုကို ဖန်ဆင်းပေးသူတွေအဖြစ် အားကျလောက်စရာ မြင် ရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ဇာတ်လမ်းက အမှန်ပါ။

လွန်ခဲ့တဲ့ ၃ နှစ်က ကျွန်တော်နှင့်ဇနီးဖြစ်သူ တယ်ရီတို့ဟာ အိမ်မြေတွေကို စ,ဝယ်ခဲ့ပါတယ်။ ခုဆိုရင် ကျွန်တော်တို့ဟာ ဒေါ်လာ ၁. သန်းကျော်တန်တဲ့ အိမ် ၈ လုံးကို ပိုင်ဆိုင်နေခဲ့ကြပါပြီ။

ကျွန်တော်တို့ အခွန်ဝန်တွေပိနေတဲ့ ဘဝက စီးပွားရေးဆန်ဆန် လုပ်ရှားဖို့ စိတ်ပြောင်းလာခဲ့တဲ့အကြောင်းဟာ အလွန်ပဲ လေးနက်ပြီး၊ ကျွန်တော်တို့ မျိုးဆက်တွေအနေနှင့်ပြောင်းလဲဖို့ လိုအပ်ကြောင်းပြဆိုတဲ့ ဇာတ်လမ်းလည်းဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ပြ

ကွက်–၁

အိမ်မြေလုပ်ငန်းမတိုင်မီ ကျွန်တော်တို့အခြေအနေဟာ သိပ်တော့ အံ့သြစရာ မရှိလှပါဘူး။ ကျွန်တော်တို့အိမ်မှာ ငွေဆိုတာ အထွေအထူး



mgyoe.com

mgyoe.com SAMPLE BOOK

ဦးစားပေးဆွေးနွေးစရာ ခေါင်းစဉ်တစ်ခုလည်း မဟုတ်ပါဘူး။ ဒါနှင့်အမျှ ငွေနှင့်ပတ်သက်လို့ သိပ်အာရုံမစိုက်ခဲ့ဘူးပဲ ဆိုပါတော့။ ကျွန်တော့် မိဘတွေကလည်း ငွေရှာရေးဟာ ကျွန်တော်နှင့် ဘာမျှမဆိုင်ဘူးလို့ ယူဆခဲ့ကြပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လွယ်လွယ်ရ လွယ်လွယ်ပဲ သုံးခဲ့တာပေါ့။

ကျွန်တော့်ညီမလေးကတော့ ကျွန်တော်နှင့် တခြားစီပဲဗျာ။ သူကတော့ ငွေတန်ဖိုးသိသလို အမြဲတမ်း ငွေစုနေကျ။

ပညာရေးဆိုတာကတော့ ကောင်းမွန်တဲ့အရာတစ်ခုနှင့် အရေးထားရမှာဖြစ်တယ်။ ပညာကောင်းကောင်းတတ်မှ အလုပ်အကိုင်ကောင်းပြီး ဘဝတည်ဆောက်နိုင်လိမ့်မယ်လို့ နားမလည်ခဲ့သူကတော့ ကျွန်တော်ပါပဲ။ ကိုယ့်မှာ အဘက်ဘက်က ပြည့်စုံကောင်းမွန်မှုတွေနှင့် ဝန်းရံထားချင်တယ်ဆိုရင် ပညာရေးဟာ တကယ်ပဲ လိုအပ်ပါတယ်။

ညီမလေးက တက္ကသိုလ်ဘွဲ့ရခဲ့တဲ့တိုင်အောင် ကျွန်တော်ကတော့ အန်တီယော့ချ်ကောလိပ်ကိုတက်ပြီး ၃ နှစ်အကြာမှာ ကျောင်းထွက်ခဲ့သူပါ။

ကျွန်တော်က လော့စ်အိန်ဂျလိစ်မှာ ကြီးပြင်းခဲ့သလို ဇနီးသည်တယ်ရီကတော့ နယူးယောက်မှာ လူလားမြောက်ခဲ့ရပါတယ်။ သူဟာ ကာလီဖိုးနီးယားကောလိပ်မှာ တက်ခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ်မှာ ကျွန်တော်တို့ ဖူးစာဆုံခဲ့ရာက ၁၉၈၇ ခုနှစ်မှာ လက်ထပ်ယူခဲ့ကြတာပါ။ ပြီးတော့ ကျွန်တော်တို့ ၂ ယောက်စလုံး ၁၉၆၀ ပြည့်နှစ်–၁၉၇၀ ပြည့်နှစ်တွေက ဟစ်ပီတွေပုံစံ နေခဲ့ကြတယ်ပေါ့။

ကျွန်တော်တို့ဟာ 'ငွေဆိုတာ ညစ်ပတ်တဲ့အရင်းရှင်ဝက်တွေရဲ့ အသုံးခံပစ္စည်းပဲ'ဆိုပြီး အရေးမထားခဲ့ပါဘူး။ ကျွန်တော်တို့မျိုးဆက်တွေဟာ ငွေ ဘယ်လို ရှာရမယ်ဆိုတာလည်း ဂရုမစိုက်သလောက်ပါပဲ။

mgyoe.com
SAMPLE BOOK


ငွေဘယ်လောက်ကြီးများများ ကျွန်တော်တို့ကို ရင်ခုန်အောင် မလုပ်နိုင်ဘူးဆိုရမှာပေါ့။

ကျွန်တော်တို့မျိုးဆက်အဖို့ 'နှောင်ကြိုးကင်းတဲ့ အကန့်အသတ်မဲ့ ချစ်ခြင်းမေတ္တာ'သာလျှင် အဓိက ဖြစ်ခဲ့ပါတယ်။ ငွေအကြောင်း လုံးဝ မသိသလို ငွေပညာသင်ကြားလေ့လာဖို့လည်း နည်းနည်းမျှ စိတ်မပါခဲ့ကြဘူး ဆိုပါတော့။

လွန်ခဲ့တဲ့ ၁၅ နှစ် ကျွန်တော်တို့ အသက် ၂၅ ဝန်းကျင်မှာ အဖေက ရုပ်ရှင်လုပ်ငန်းတွေ လုပ်ခဲ့ပါတယ်။ အဖေဟာ ရုပ်ရှင်ကင်မရာမင်းနှင့် ဒါရိုက်တာ ဖြစ်ခဲ့သလို၊ ကျွန်တော်လည်း လက်ထောက်ကင်မရာမင်း ဝင်လုပ်ခွင့်ရခဲ့တယ်လေ။

ကျွန်တော်က ဂရပ်ဖစ်ဒီဇိုင်းနှင့် ဓာတ်ပုံပညာ အခံရှိထားပြီး၊ မည်မည်ရရ ဘာမျှမလုပ်တဲ့လူဆိုတော့ အဖေက "မင်း ဝင်လုပ်မလား" မေးတာကို အလွယ်တကူ ခေါင်းညိတ်ခဲ့တာပဲလေ။ ဒါဟာ အခွင့်အရေးကောင်းကြီး၊ ဒါမှမဟုတ် အသက်မွေးဝမ်းကျောင်းဘဝ အစဖြစ်နေမှန်းလည်း သဘောမပေါက်ခဲ့ဘူးလေ။

တစ်နေ့တော့ ကျွန်တော်တို့ရုပ်ရှင်ရိုက်ကွင်းကို တယ်ရီ ရောက်လာပြီး မိတ်ကပ်အထူးလုပ်ရပ်တွေကို သဘောကျသွားတယ်။ ဒီနောက် မိတ်ကပ်ဆရာမ ဝင်လုပ်ခဲ့တော့တာပါပဲ။

ကျွန်တော်တို့စုံတွဲဟာ ဘက်ညီညီနှင့် အတော်လေး အလုပ်ဖြစ်ခဲ့ကြရာက ခရီးတွေအဆက်မပြတ်ထွက်, ကောင်းပေ့ဆိုတဲ့ ဟိုတယ်ကြီးတွေမှာနေပြီး စည်းစိမ်ခံဘဝကို အခုံသားရောက်ခဲ့ကြပါတယ်။

တစ်လုပ်မှတစ်လုပ် ခွင်ပြောင်းခဲ့ရာက တစ်လမှာ ၁၀ရက်, ရက်၂၀၊ တစ်နေ့မှာ ၁၅ နာရီလောက် ဆက်တိုက်လုပ်ခဲ့ကြရပေမယ့် ကျန်တဲ့အချိန်တွေမှာ ကိုယ်ပိုင်စိတ်ကြိုက် နေခွင့်ရခဲ့ပါတယ်။ ပင်လယ်


mgyoe.com

mgyoe.com SAMPLE BOOK

ကမ်းခြေသွား အပန်းဖြေရင်း တင်းနစ်ကစားကြရတာ ကျွန်တော်တို့ အနှစ်သက်ဆုံးပဲ ဆိုပါတော့။ ငွေဖြုန်းရုံသက်သက်နှင့် အပျော်ကြီး ပျော်ခဲ့ကြတယ်ပေါ့။

အပြင်ပန်းကြည့်ရင်တော့ ကျွန်တော်တို့ဘဝဟာ လွတ်လပ်ပြီး သာယာစိုပြည်တယ်လို့ ထင်ခဲ့ရပေမယ့် လွန်ခဲ့တဲ့ ၁၄ နှစ်လောက်က သားလေး ဂျိတ်ခ်ကို မွေးပြီးကတည်းက တစ်ဆစ်ချိုးပြောင်းခဲ့တယ် ဆိုရပါလိမ့်မယ်။ သူ လူ့လောကကိုရောက်လာတာက အိပ်ပျော်နေတဲ့ ကျွန်တော်တို့ လင်မယားကို လှုန့်နှိုးလိုက်တာနှင့် မခြားပါဘူး။

အနာဂတ်စီမံကိန်းရယ်လို့ မရှိခဲ့တဲ့ ကျွန်တော်တို့အတွက် ရှေ့ လျှောက်ဘာဖြစ်မယ်ဆိုတာမသိသလို၊ လူလားမြောက်လာမယ့် သား လေးအတွက်လည်း ဘယ်လိုပြင်ဆင်မှုမျိုးမှ မရှိခဲ့တာ အမှန်ပါပဲ။

ကျွန်တော်တို့မှာ ခရက်ဒစ်ကတ်က ဒေါ်လာ ၁ သောင်းကျော် အကြွေးတင်နေပြီး၊ ဒေါ်လာ ၅၀၀ တောင် မစုနိုင်တဲ့အခြေအနေ ဆိုက် ခဲ့ပါပြီ။ ကျွန်တော်တို့ ဇနီးမောင်နှံမှာ ရည်မှန်းချက်မရှိ၊ ပိုင်ဆိုင်မှုမရှိ၊ ရင်းနှီးမြှုပ်နှံမှုမရှိနှင့် ချောင်ပိတ်အကျပ်ရိုက်နေခဲ့ရပါပြီ။

"ကဲ။ တို့ အခုဘာလုပ်ကြမလဲ"လို့ ကိုယ့်ကိုယ်ကို ပြန်မေးရုံက လွဲလို့ တော်တော်နှင့် အဖြေရှာမတွေ့နိုင်ကြတဲ့ ဘဝပေါ့။

ကျွန်တော် အလုပ်ထွက်လုပ်နေချိန်မှာ တယ်ရီက သားနှင့်အတူ အိမ်မှာ ကျန်ခဲ့ရတယ်။ ကျွန်တော့်အလုပ်တွေကလည်း ရှုပ်သလား မမေးနှင့်။ တစ်ခါတလေ လနှင့်ချီပြီးတောင် အိမ်မပြန်နိုင်ဘူး။ ဒီကြားထဲ သားလေးဂျိတ်ခ်ကလည်း တဖြည်းဖြည်း ကြီးလာတယ်။ ကျွန်တော့် အိမ်မှာ မတွေ့တော့ "ဖေဖေ ဘယ်သူလဲ", "ဖေဖေ ဘယ်သွားနေလဲ" လို့တောင် မေးလာတယ်။

ကျွန်တော်တို့အနေနှင့် ထောင်ချောက်မိနေသလိုပါပဲ။ ရုပ်ရှင်


mgyoe.com

အလုပ်ကိုလည်း မစွန့်နိုင်ဘူး။ ဒါကလွဲလို့ တခြားအလုပ်လည်း လုပ်တတ်တာ မဟုတ်ဘူးလေ။

ဒီတော့ ကျွန်တော်တို့ပုံစံတွေ ပြောင်းရတော့မယ်။ အပြောင်းအလဲတွေ လုပ်ရတော့မယ်။ ဒါပေမယ့် ဘယ်က စရမလဲ။

လူလားမြောက်ဖို့ အချိန်တန်နေတာတော့ အမှန်ပါပဲ။

ပြ

ကွက်-၂

ကျွန်တော်တို့ရဲ့ ဘဝမြင်ကွင်းကို နောက်တစ်ဆင့် ခင်းကျင်းပြပါရစေ။

၁၉၉၂ ခုနှစ်မှာ တယ်ရီနှင့် ကျွန်တော်ဟာ အနာဂတ်စီးပွားရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေ အစပျိုးခဲ့ကြပါပြီ။

ကာလီဖိုးနီးယားရဲ့ နေသာတဲ့မနက်ခင်းမှာ သားငယ် ဂျိတ်ခ်ကို ပန်းခြံတစ်ခုမှာ ဒန်းသွားလွဲပေးရင်းက ကျွန်တော့်လိုပဲ ကလေးလာထိန်းတဲ့ ဖခင်တစ်ယောက်နှင့် ဆုံမိကြပါတယ်။

သူနှင့်ရင်းနှီးသွားရာက ကွန်ယက်ဈေးကွက်တွေနှင့် ဆက်စပ်နေတဲ့ အမ်ဝေး(Amway)လုပ်ငန်းကို လုပ်ကိုင်နေသူရယ်လို့ သိခဲ့ရပါတယ်။ ပြီးတော့ သူ့ကို စပွန်ဆာလုပ်ပြီး ကျောထောက်နောက်ခံပြုထားသူတွေကလည်း (ကျွန်တော်နှင့် တယ်ရီတို့ နှစ်သက်လှတဲ့) ဟာဝိုင်ယီကျွန်းမှာရှိတယ်လို့ ပြောပါတယ်။

ဒီအကြောင်းကို တယ်ရီသိတော့ တယ်ရီ အရမ်းစိတ်လှုပ်ရှားသွားပါတယ်။ ဒါဟာ ဟာဝိုင်ယီကို ပြန်သွားဖို့ လမ်းပွင့်သွားတာဖြစ်သလို ကျွန်တော်တို့အနေနှင့် ပိုပြီး အများကြီးလုပ်နိုင်ခြေရှိတာလည်း တွက်မိပါတယ်။



mgyoe.com

ကျွန်တော်တို့ဟာ ကိုယ်ပိုင်စုဖွဲ့ဖို့ အစပျိုးလိုက်ပါတယ်။ လုပ်ထုံးလုပ်နည်းတွေကို လေ့လာတယ်။ အစီအမံ လေ့ကျင့်ရေးဆွေးနွေးပွဲတွေ တက်တယ်။ စီမံကိန်းချမှတ်နည်းတွေ, ညွှန်ကြားချက်တွေ, အရောင်းသင်တန်းတွေ, ကိုယ်ရည်ကိုယ်သွေးတိုးမြှင့်ဖို့ ဖတ်စရာတွေ, အောင်မြင်ရေးစာအုပ်တွေ ဖတ်ဖို့ လိုက်ရှာကြတော့တာပဲပေါ့။ အတွေ့အကြုံတွေက မကြုံစဖူး အဖိုးတန်လှချည်ရဲ့။

အောင်မြင်သူတွေနှင့်ပေါင်းပြီး သူတို့ဆီက တတ်နိုင်သလောက်သင်ယူကြတယ်။ မီလျံနာကြီးတွေနှင့် ဆုံခဲ့ရာက သူတို့ရဲ့ ဉာဏ်ပညာတွေက ကျွန်တော်တို့ရဲ့ စိတ်တံခါးကို သော့ဖွင့်ပေးခဲ့သလို၊ စီးပွားရေးနှင့်ပတ်သက်လို့ ကျဉ်းမြောင်းတဲ့အမြင်တွေကို ရှင်းထုတ်ပေးလိုက်တယ်ပေါ့။

ငွေလောကကြီး ဘယ်လို အသက်ဝင်လှုပ်ရှားနေတယ်ဆိုတာတွေ, ငွေကိုအသုံးချနည်းတွေဟာ အသိဉာဏ်နယ်ပယ်ကို ချဲ့ထွင်ပေးလိုက်ပါတယ်။

ကျွန်တော်တို့ဖတ်ဖို့ အကြံပေးညွှန်ပြခဲ့တဲ့ စာအုပ်တွေကလည်း တကယ့်အဖိုးတန် စာအုပ်ကောင်းတွေပါပဲ။

'ဘေဘီလုံက အချမ်းသာဆုံးလူ'ဟာ ကျွန်တော်တို့ကို ငွေနှင့်ပတ်သက်လို့ မျက်စိဖွင့်ပေးခဲ့တာကလား။ ဒီစာအုပ်ကို ဖတ်လို့ ၂ နှစ်အကြာမှာ ကျွန်တော်တို့ရဲ့ ခရက်ဒစ်ကတ်အကြွေးတွေအားလုံး ရှင်းပစ်နိုင်ခဲ့ပြီး၊ ဒေါ်လာ သောင်းနှင့်ချီပြီး စုမိပါတော့တယ်။

'မိတ္တဗလဋီကာ'ကလည်း ကျွန်တော်တို့အတွက် တန်ခိုးကြီးတဲ့စာအုပ်, အရေးပါတဲ့စာအုပ်လို့ ဆိုရပါလိမ့်မယ်။ လူတွေနှင့် ဆက်ဆံရာမှာ အထောက်အကူပေးတဲ့ လက်နက်ဆန်းကြီးပဲ ဆိုပါတော့။

နေရာမှန်အချိန်, မှန်ရောက်ခဲ့တာလို့ပဲ ပြောရမယ်ထင်ပါရဲ့။



mgyoe.com

mgyoe.com SAMPLE BOOK

ဘာမဟုတ်တဲ့ ကလေးဒန်းစီးရာပန်းခြံထဲကနေ စီးပွားရေးလုပ်ငန်း ထဲကို အမှတ်မထင် ရောက်ခဲ့ရတယ်ပဲလေ။

ခုဆိုရင် စီးပွားရေးပညာအနေနှင့် ဘွဲ့ရတဲ့အဆင့် ရောက်နေခဲ့ ပါပြီ။ ရှေ့ဆက် ဘာဆက်လုပ်ရမလဲဆိုတာပဲ စဉ်းစားဖို့လိုပါတော့ တယ်။

ပြ

ကွက်–၃

လွန်ခဲ့တဲ့ ၆ နှစ်က ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို စထောင်ခဲ့ ရာက ကျွန်တော်ဟာ ကိုယ်ပိုင်ကိုယ်တိုင်လုပ် လုပ်ငန်းရှင် ဖြစ်လာခဲ့ ပါတယ်။

လုပ်ငန်းကျွမ်းကျင်ပြီး ကန်ထရိုက် ၆ ယောက်လောက်နှင့် လက်တွဲလို့ ကျွန်တော်တို့ဟာ ရုပ်ရှင်ကားတွေက ဗီဒီယိုတိတ်ခွေကူးပြီး စီးပွားဖြစ်ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေကို ပေးသွင်းခဲ့တာပါ။

ပထမတော့ အစုစပ်တစ်ယောက် ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာ သူ့အစုတွေအားလုံးကို ကျွန်တော်တို့အပြတ် ပြန်ဝယ်လိုက်ပါတယ်။

စစချင်း ငွေအရင်းအနှီးသိပ်မထည့်နိုင်တဲ့ ကျွန်တော်တို့ဟာ အိမ်နောက်ဘက်က အိပ်ခန်းကျဉ်းလေးကို အလုပ်ခန်းအဖြစ် ၄ နှစ်ကြာ အသုံးပြုခဲ့ရပါတယ်။ ကွန်ပျူတာဖက်စ်တစ်လုံး, ဆဲလ်ဖုန်းတစ်လုံး, နားကြပ်တစ်လုံးနှင့် လုပ်ငန်းစခဲ့ကြတာ ဆိုပါတော့။ ဒီလိုနှင့်ပဲ ၂၄ နာရီမပြတ် လုပ်ခဲ့ကြရသလို ခြေကုန်လက်ပန်းကျမတတ် ဖြစ်ခဲ့ရပါ တယ်။ အင်တာနက်ဝက်ဘ်ဆိုက်ကို ဝင်လိုက်ရာက ကြော်ငြာငွေတွေ အများကြီးရခဲ့တယ်ပေါ့။ ဒီတင် အရင်းအနှီးငွေတွေ ပွားများလာအောင် စတော့ဈေးကွက်ထဲဝင်ဖို့ ခြေလှမ်းပြင်မိပါတော့တယ်။


mgyoe.com

ပြ
ကွက်–၄

ကျွန်တော့်အဘိုးအဘွားတွေ ဆုံးသွားပြီးတဲ့နောက် ဒေါ်လာ သောင်းဂဏန်းနှင့်ချီပြီး အမွေရလိုက်ရာက အကျိုးတူရန်ပုံငွေတွေထဲမှာ ရင်းနှီးမြှုပ်နှံမှု ထားခဲ့မိပါတယ်။ လွန်ခဲ့တဲ့ ၅ နှစ်လောက်ကတော့ ဒီရန်ပုံငွေစာချုပ်တွေကို တစ်ဦးချင်းပိုင်စတော့တွေအဖြစ် ပြောင်းလဲ ပစ်ခဲ့ပါတယ်။

ပထမ ၂ နှစ်လောက်ကတော့ အဟုတ်သား။ စုငွေတွေက သိသိသာသာ တိုးလာပါတယ်။ ဒါနှင့် ဂျင်နရယ်အီလက်ထရောနစ်, ဒူးပွန့်, ကိုဒက်, မိုက်ခရိုဆော့ဖ်, ဟီသာဝေး စတဲ့ ကုမ္ပဏီကြီးတွေက အစုရှယ်ယာတွေပါ ဝယ်ထားလိုက်တယ်။

ကိုယ့်ကိုယ်ကို ဆရာတင်ပြီး လူနပ်ကြီးတွေလုပ်လိုက်တာ ၂၀၀၀ ပြည့်နှစ် ဈေးကွက်ပျက်ကပ်ထဲမှာမိပြီး ရင်းနှီးငွေ ၅၀ ရာခိုင်နှုန်း ရှုံးသွားတာကလား။

ဒီတော့မှ သင်ခန်းစာ တနင့်တပိုးကြီးရလိုက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်တဲ့ ဗျူဟာတွေကို သင်ထားမှပဲလို့ နားလည်လိုက်ကြတယ်။

'ကျောင်းသားရှိရင် ဆရာရှိမှာပဲ'ဆိုတဲ့ စကားအတိုင်းပါပဲ။

ဒီကြားထဲမှာ ဇနီးတယ်ရီက 'သူဌေးဖေဖေ ဆင်းရဲဖေဖေ' စာအုပ်ကို ဝယ်လာခဲ့ရာက ဖတ်မိကြတယ်။ ၃ နှစ်လောက်စပြီး ကက်ရှ်ဖလိုကားချပ်ကို ကစားခဲ့ကြသလို ဝါရင့်ပညာရှင်တွေရဲ့ စီးပွားရေး ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွေကိုတက် နားထောင်ခဲ့ကြတယ်။ အဲဒီတော့ ငွေကြေးလုပ်ငန်း ကိုယ်စားလှယ်တွေနှင့် ပွဲစားတွေရဲ့ ကွန်ရက်ဆက် သွယ်မှုကို ပိုသဘောပေါက်လာခဲ့တယ်။


mgyoe.com

. mgyoe.com SAMPLE BOOK

နောက်တော့ ကျွန်တော်တို့ဟာ အင်တာနက်ကတစ်ဆင့် ပိုင်ဆိုင်မှုအသစ်တွေကို ရှာဖွေဖို့ စခဲ့ကြတော့တာပါပဲ။

ပြ

ကွက်–၅

ပိုင်ဆိုင်မှုရဖို့ဆိုတာကတော့ အိမ်မြေလောကကို ဝင်ခဲ့တာပဲ ဖြစ်ပါတယ်။

အစပိုင်းမှာ ဖလော်ရီဒါတောင်ပိုင်းနှင့် ဖီးနစ်ကွတစ်ဝိုက်ကို အဓိကအာရုံစိုက်ခဲ့ရာက စိန့်လူစီဆိပ်ကမ်းမြို့လေးမှာ အိပ်ခန်း ၃ခန်းပါတဲ့ လုံးချင်းအိမ်တစ်လုံးကို ဒေါ်လာ ၉၈၀၀၀ နှင့် ဝယ်ဖြစ်လိုက်ပါတယ်။ 'သူဌေးဖေဖေ'ရဲ့ နည်းစနစ်အရ နှစ်ရှည်ချေးငွေနှင့် ဝယ်ပြီး အငှားချထားလိုက်တာပဲ ဆိုပါတော့။

အိမ်အတွက် ကုန်ကျစရိတ်တွေများနေတော့ တစ်လမှ ၃၃ ဒေါ်လာပဲ ဝင်ငွေရခဲ့ပါတယ်။ ကုန်ကျစရိတ်တွေ လျှော့ချလိုက်တော့မှ ၉၉ ဒေါ်လာလောက် ရလာပါတယ်။ ၂၀၀၀ ပြည့်နှစ်ကျတော့ အိမ်ဈေးတွေတက်လာတာနှင့် အဲဒီအိမ်က ဒေါ်လာ ၁၂၆၀၀၀ ဖြစ်သွားပါပြီ။ ပေါက်ဈေးနှင့် ရောင်းလိုက်မယ်ဆိုရင်ပဲ ၃၂၉ ရာခိုင်နှုန်း အမြတ်ထွက်နေပြီပေါ့။

ဒီလိုနှင့် နောက်ထပ်အိမ်တစ်လုံးကို ထပ်ဝယ်, ငှား, ရောင်းနှင့် အတော်လေး အလုပ်ဖြစ်သွားခဲ့ပြန်ပါတယ်။ ခုဆို ကျွန်တော်တို့မှာ အိမ် ၇ လုံး လက်ဝယ်ပိုင်ခဲ့သလို လစဉ်ဝင်ငွေလည်း ဖြောင့်နေခဲ့ပါပြီ။

အဖြေကတော့ ရှင်းပါတယ်၊ အိမ်ဝယ်ဖို့ ပိုက်ဆံချေးတယ်။ အဲဒီချေးငွေကို တခြားလူပိုက်ဆံနှင့် ပြန်ဆပ်တယ်လေ။


mgyoe.com

၉
ကွက်–၆

သူဌေးဖေဖေရဲ့ လမ်းညွှန်သွန်သင်ချက်အရ အိမ်မြေလုပ်ငန်းဟာ စီးပွားရေးလွတ်မြောက်မှုအတွက် ထွက်လမ်းပဲလို့ နားလည်ခဲ့ရပါတယ်။ ငွေပညာကို ဆက်လက်ဆည်းပူးခဲ့ကြရာက

* ပိုင်ဆိုင်မှုတစ်ခုကို ဘယ်လို သုံးသပ်လေ့လာ အကဲဖြတ်ရမယ်။ ကောင်းတယ်, မကောင်းဘူး၊ ဝယ်သင့်, မဝယ်သင့် ဆုံးဖြတ်ရမယ်ဆိုတာတွေ သိလာပါတယ်။

* စီမံခန့်ခွဲမှုဟာ ရေရှည်လုပ်ငန်းအောင်မြင်မှုရဲ့ သော့ချက်ပဲလို့ သဘောပေါက်ခဲ့ရပါတယ်။ စီမံခန့်ခွဲမှုကောင်းရင် ကြီးမားတဲ့ ရလဒ်ကောင်းတွေရနိုင်ပြီး၊ စီမံခန့်ခွဲမှု ညံ့ရင်တော့ အကန့်အသတ်နှင့်သာ အောင်မြင်နိုင်တယ် သို့မဟုတ် ဆုံးရှုံးနိုင်တယ်လို့လည်း နားလည်ခဲ့ရတယ်ပေါ့။

* ကိုယ်နှင့် စိတ်တူသဘောတူလူတွေကိုသာ ရှာပေါင်းတယ်။ တွန့်ဆုတ်တွေဝေ စိုးရိမ်ကြောက်ရွံ့သူတွေကို ရှောင်တယ်။ သူတို့က ကိုယ့်ကို အောက်ဆွဲချမှာကိုး။

* ဘဏ်လုပ်ငန်းရှင်တွေက ဘယ်အလုပ်ကို ငွေထုတ်ချေးပြီး ဘယ်အလုပ်မျိုးတော့ ငွေမချေးဘူးဆိုတာလည်း သင်ကြားပြီးသား ဖြစ်လာပါတယ်။

* ပိုင်ဆိုင်ပစ္စည်းတစ်ခုကိုဝယ်ရာမှာ စိတ်လှုပ်ရှားခံစားရမှုကို ဦးစားမပေးခဲ့ပါဘူး။ တချို့အိမ်တွေဆို ကျွန်တော်တို့ကိုယ်တိုင်တောင် သွားမကြည့်ဘဲ ဖက်စ်နှင့်ပဲ ဝယ်ခဲ့တာပါ။ ဒီအတွက် ပိုင်ဆိုင်မှုအဆင့်အတန်းအရ သိပ်မဟန်ဘူး ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ငွေဝင်လမ်းကတော့ အခိုင်အမာကောင်းခဲ့တာပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ဘဝမှာ စွန့်စားမှုနှင့်ပတ်သက်တဲ့ အယူအဆတွေလည်း အကြီးအကျယ် ပြောင်းလဲလာခဲ့ပါပြီ။ တစ်ချိန်က အားလပ်ချိန်တွေမှာ တောင်တက်ရတာကို စွန့်စားမှုလို့ သတ်မှတ်ခဲ့ကြပါတယ်။ ခုတော့ ဆင်ခြင်ဉာဏ်မရှိ၊ အထိန်းအကွပ်မဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်တာဟာ စွန့်စားမှုပဲလို့ နားလည်ခဲ့ရပါပြီ။ တောင်တက်တဲ့အခါ လိုအပ်တဲ့ ပစ္စည်းကိရိယာတွေ မပါတာလောက် အန္တရာယ်များတာ မရှိတဲ့သဘောပါပဲ။

နောက် ပြောင်းလဲမှုကြီးတစ်ခုကတော့ လူတွေနှင့် ဆက်ဆံပေါင်းသင်းတတ်လာတာပါပဲ။ အိမ်မြေလုပ်ငန်းကိုလုပ်ရင်းက ပေါင်းသင်းဆက်ဆံရေးရဲ့ အရသာကိုသိလာပြီး ဘယ်သူနှင့်မဆို ပေါင်းနိုင်ခဲ့ပါပြီ။

လောလောဆယ် ကျွန်တော့်လုပ်ငန်းအဆင့်ဟာ S ဆိုတဲ့ တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်အဖြစ်မှာ ရှိနေဆဲပေမယ့် B ဆိုတဲ့ လုပ်ငန်းရှင်ကြီးဘဝကို တက်လှမ်းဖို့လည်း ကြိုးစားနေပါတယ်။

ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့ရာက လစဉ် ဒေါ်လာ ၁ သောင်း ပုံမှန်ဝင်ငွေ ရနေခဲ့တာတော့ အမှန်ပါပဲ။

ဒါ့ကြောင့် ကျွန်တော်တို့ဟာ ကြွက်ပြေးလမ်းက ရုန်းထွက်နိုင်ခဲ့သလို အငြိမ်းစားယူချိန်အတွက်လည်း ပူစရာ သိပ်မလိုတော့ဘူးလို့ ဆိုရပါတော့မယ်။

မကြာခဏဆိုသလိုပဲ ကျွန်တော်တို့ဟာ ပစ္စုပ္ပန်မှာ ထောင်ချောက်မိပြီး၊ မသေချာတဲ့ အနာဂတ်နှင့် ရင်ဆိုင်ရလေ့ ရှိပါတယ်။

ဘာဖြစ်လာမယ်မှန်းမသိတဲ့ အနာဂတ်အတွက် ကြိုတင်ကြံဆချက်တွေရှိထားတာ ပိုကောင်းတယ်လို့ သိထားရပါပြီ။


mgyoe.com

mgyoe.com


အခုအချိန်မှာ ကျွန်တော်တို့ဟာ ခရီးပန်းတိုင်တစ်ဝက်ကို ရောက်ရှိနေပါတယ်။

အောင်မြင်မှုလမ်းစကို ရှာတွေ့ခဲ့သလို အောင်မြင်မှုဆီကိုလည်း ယုံကြည်ချက်အပြည့်, စီးပွားရေးသုတပညာတွေ တစ်ပုံတစ်ပင်နှင့် ရှေ့ရှု ချီတက်နေပါတယ်။

ကျွန်တော်တို့ဘဝနှင့် သားလေးရဲ့နောင်ရေးအတွက် မှန်မှန်ကန်ကန် လုပ်ဆောင်နေတယ်လို့လည်း ခံစားရပါတယ်။

တစ်ချိန်မှာ ကျွန်တော်တို့မိသားစုဘဝဟာ အဆင့်မြင့်တိုးတက်လာပသာယာလာမှာ မုချပဲဆိုတာကိုတော့ ရဲရဲကြီး ပြောနိုင်ပါပြီ။

■


mgyoe.com

mgyoe.com


အခန်း ၂

# လုပ်သင့်တာ လုပ်ခဲ့ကြပါပြီ

**ထရေစီ ရော့ဒရစ်ဖ်**

**ဖီးနစ်မြို့ အရီဇိုးနားပြည်နယ်**

လွန်ခဲ့တဲ့ ၁၀ နှစ်။ ကျွန်မအသက် ၂၀ ကျော်ကျော်မှာ ကျွန်မတို့ မိသားစုဟာ လူမွဲစာရင်း ဖွတ်အသွင်းခံခဲ့ရပြီး မကြုံစဖူးအောင် ဒုက္ခ ရောက်ခဲ့ကြရပါတယ်။

လက်ရှိအခြေအနေမှာတော့ တစ်နေ့ကို ဖုန်းအခါ ၂၀ လောက် ဆက်သွယ်ခံရပြီး၊ ခြေနိုင်လက်နိုင်လုပ်ဆောင်ရင်း ကြီးပွားနေကြပါပြီ။ သူဌေးဖေဖေကို ကျေးဇူးတင်မဆုံးတော့ပါဘူး။

ကျွန်မနှင့် ခင်ပွန်းသည် ဒေးဗစ်တို့ဟာ အငှားချထားတဲ့ အိမ် တစ်လုံး အပါအဝင် လုပ်ငန်း ၃ ခုကို ပိုင်ဆိုင်ထားရာက အတော်လေး စီးပွားရေး အဆင်ပြေနေပါပြီ။ အပျံစားအိမ်လေးနှင့် ကစားအကောင်း စားစီးလို့ ကျွန်မတို့ကို ဆွေမျိုးမိတ်သင်္ဂဟတွေက ငေးကြည့်နေရတဲ့ ဘဝ ရောက်ခဲ့ရပြီဆိုပါတော့။

ကြားနေကျ ဇာတ်
လမ်းလေး

ကျွန်မ ကာလီဖိုးနီးယားပြည်နယ် ဆန်ဒိုင်ဂိုမြို့မှာ ကြီးပြင်းခဲ့ ချိန်က မိဘတွေဟာ လခစားဘဝနှင့် ရှင်သန်ရပ်တည်နေခဲ့ကြပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


အိမ်လှလှလေးတစ်လုံးနှင့် ငွေအတွက် မပူပင်မကြောင့်ကြဘဲ နေခဲ့ရတာပါ။

ဒီနောက် အဖေနှင့်အမေ ကွဲသွားပြီး ကျွန်မဟာ အမေနောက် ပါခဲ့ရတယ်။ မီးသတ်သမားဖြစ်တဲ့ ပထွေးနှင့် အတူနေခဲ့ရပါတယ်။

ဆယ်ကျော်သက်ကျွန်မအဖို့ ရုံးတစ်ရုံးမှာအလုပ်လုပ်နေတဲ့ အမေက လစဉ် ဒေါ်လာ ၂၀ စုနေတာ မသိခဲ့ပါဘူး။

နှစ်တိုင်း ကျောင်းဖွင့်ချိန်ကျရင် အဝတ်အစားဝယ်ဖို့ ဒေါ်လာ ၃၀၀ ထုတ်ပေးတာပဲ ကျွန်မ သိခဲ့ပါတယ်။

ခရစ္စမတ်ပွဲတော်ချိန်မှာလည်း ဖောဖောသီသီလေး သုံးရပါတယ်။ အဲဒါကတော့ ကျွန်မပထွေးက ဆုကြေးတွေ ရလို့ပါပဲ။ ကျန်တဲ့ကာလတွေမှာတော့ ငွေရေးကြေးအနေနှင့် ခြိုးခြိုးခြံခြံလေး နေခဲ့တာပဲပေါ့။

အထက်တန်းကျောင်း အောင်ပြီးတဲ့နောက် ဒေးဗစ်နှင့် လက်ထပ်ခဲ့ကြရာက ဘဝသစ်ခရီးကို စတင်လိုက်မိပါတော့တယ်။

၁၉၉၁ ခုနှစ်ထဲမှာ ကျွန်မတို့ ၂ယောက်စလုံး နှင်းလျှောစီးစခန်းလေးတစ်ခုမှာအတူ အလုပ်လုပ်ခဲ့ကြပါတယ်။ ဝင်ငွေကောင်းခဲ့တာနှင့်အမျှ အမြန်စီးလျှောတွေနှင့် ကားလှလှလေးတစ်စီးတောင် ဝယ်နိုင်ခဲ့တာကလား။

နောက်ပိုင်း လုပ်ငန်းရပ်ဆိုင်းသွားတော့ ရီနိုမှာ အလုပ်ဝင်လုပ်ခဲ့ကြပြန်တယ်။ ဝင်ငွေလျော့သွားသလို ကြွေးနှင့်နပမ်းလုံးရတဲ့ဘဝ ရောက်သွားရတာပါပဲ။

၁၉၉၂ ခုနှစ်ကျတော့ ကျွန်မ ကိုယ်ဝန်ရှိလာတယ်။ ဆရာဝန်ရဲ့ အကြံပေးချက်အရ သမီးလေးမမွေးခင် ၃ လလောက် ကုမ္ပဏီက


mgyoe.com

mgyoe.com SAMPLE BOOK

နားလိုက်ရတယ်။ သမီးလေးကို ကျေးဇူးတော်နေ့ မတိုင်ခင်တစ်ရက်မှာ မွေးခဲ့တယ်။ မကြာပါဘူး။ အကြွေးဟောင်းတွေနှင့် ဆေးရုံစရိတ်ကြွေးသစ်တွေ ပေါင်းပြီး ဒေါ်လာ ၅၀၀၀၀ လောက်တင် သွားပါတယ်။

ကြံရာမရတဲ့အဆုံး အမြန်စီးလှေ့ျာတွေနှင့် ကားတွေပါရောင်းပြီး ကြွေးဆပ်လိုက်ရပါတယ်။ ဒီနောက် လူမွဲစာရင်းနှင့် ကြွေးသိမ်းခံလိုက်ရပြန်တယ်။ အဲဒီအချိန်မှာ ကျွန်မအသက် ၂၄ နှစ် ရှိနေပါပြီ။

ဒါပေမယ့် လုပ်ငန်းရှင်သူဌေးဖြစ်ဖို့ အိပ်မက်ကို ကျွန်မ စွဲကိုင်ထားဆဲပါပဲ။ စီးပွားကုန်သွယ်ကျောင်းတစ်ကျောင်းကို တက်ပြီးတဲ့နောက် အလှပြင်ဆရာမ ဖြစ်လာတယ်။ တစ်ချိန်တည်းမှာလည်း အမျိုးသမီးသုံးပစ္စည်းတွေရောင်းတဲ့ ကိုယ်စားလှယ်အလုပ်ပါ လုပ်ခဲ့တယ်ပေါ့။ ဒေးဗစ်လည်း အတူလုပ်ပါတယ်။ ကလေး နောက်တစ်ယောက် ရလာပြန်ပြီလေ။

အပြင်ပန်းကြည့်ရင်တော့ ကျွန်မတို့ဟာ ကလေးတွေကို ပြုစုစောင့်ရှောက်ရင်းနှင့် အလုပ်တာဝန်ကို အင်စိုက်အားစိုက် ဖိလုပ်နေတာပါပဲ။ ဒါပေမယ့် အတွင်းသန္တာန်မှာတော့ လူနှင့်မတူတော့ဘူးလို့ ထင်ခဲ့ရပါတယ်။

“ငါ ရှေ့ဆက် ဘာတွေ ဘယ်လို ရင်ဆိုင်ရပါ့မလဲ”လို့တောင် အားငယ်စိတ်နှင့် ကိုယ့်ကိုကိုယ် ပြန်ပြောမိပါရဲ့။

ဒီလိုနှင့် ၁၉၉၃ ခုနှစ်မှာ ကုန်မျိုးစုံဈေးကွက်ရှာတဲ့ လုပ်ငန်းနှင့် ဆက်သွယ်မိပြီး ၁၉၉၆ ခုနှစ်မှာ ကိုယ်ပိုင်ရောင်းအားမြှင့် လုပ်ငန်းတစ်ခုကို ထူထောင်မိပါတယ်။ ၂၀၀၁ ခုနှစ်ကျတော့ လုပ်ငန်းထဲက မိတ်ဆွေတစ်ယောက်ရဲ့ အကြံပေးချက်အရ ‘သူဌေးဖေဖေ’စာစဉ်တွေကို စ,ဖတ်မိပါတော့တယ်။


mgyoe.com

မင်နီတား
ခံဘဝမှ
လွတ်မြောက်ခြင်း

'သူဌေးဖေဖေ ဆင်းရဲဖေဖေ' စာအုပ်ကို ကျွန်မ အာရီဇိုနာ ပြည်နယ် စကော့စ်ဒေးလ်မြောက်ပိုင်းက အပန်းဖြေဟိုတယ်တစ်ခုမှာ ယမကာဆိုင်မန်နေဂျာအဖြစ် လုပ်နေစဉ် ဖတ်မိတာပါ။

အလုပ်လုပ်ရင်းတစ်ဘက်နှင့် ဖတ်ခဲ့ရတာပါပဲ။ အောင်မြင်မှု ရဖို့, လုပ်ငန်းရှင်ဖြစ်ဖို့, ချမ်းသာဖို့, ဘဝလွတ်မြောက်ဖို့ဆိုတဲ့ ကျွန်မ လိုချင်တဲ့အချက်တွေအားလုံး ပါဝင်ပေမယ့် ဘယ်လိုလုပ်ယူရမယ်ဆိုတာ နားမလည်ခဲ့ပါဘူး။

* * *

ကျွန်မဟာ ဖီးနစ်ညီလာခံအသင်းဝင်ဖြစ်ပြီး ရောဘတ်နှင့် ကင်မ်တို့ရဲ့ နှီးနှောဖလှယ်ပွဲကို ဝက်ခွင့်ရခဲ့ရာက စ,ပြောင်းလဲခဲ့ပါ တယ်။

သူတို့က ကျွန်မကို သူဌေးဖေဖေရဲ့ 'အငြိမ်းစားလူငယ်, အငြိမ်း စားသူကြွယ်'စာအုပ်တစ်အုပ်ကို ပေးခဲ့တဲ့အပြင်၊ သူတို့ရုံးခန်းမှာ 'ကက်ရှ် ဖလိုး ၁၀၁ ကစားနည်း'ကို လာကစားဖို့ပါ ဖိတ်ခေါ်ခဲ့ပါတယ်။

ဒီလိုနှင့် ငွေပညာနှင့်ပတ်သက်လို့ မသိတာတွေ သိခဲ့ရပါတော့ တယ်။

ဗဟုသုတနှင့် လမ်းညွှန်မှုတွေက ကျွန်မကို ရှေ့ကို အင်နှင့် အားနှင့် တွန်းပို့ခဲ့ပြီပေါ့။ ဒါနှင့်အမျှ ယုံကြည်ချက်တွေ ပြည့်ဝစွာနှင့်



mgyoe.com

mgyoe.com SAMPLE BOOK

အတွင်းစိတ်က အဟုန့်အတားတွေကို ချိုးဖျက်ပြီး ကိုယ့်ကိုကိုယ် တည်ဆောက်နိုင်ခဲ့ပါတယ်။

ပြီးတော့ လူတစ်ဖက်သားက ကဲ့ရဲ့အပြစ်တင်မှာကြောက်တဲ့စိတ်တွေ၊ ပြုပြင်ပြောင်းလဲနေဖို့ အချိန်မရဘူးဆိုပြီး တွန့်ဆုတ်နေမှုတွေကို ဖယ်ရှားနိုင်အောင် ဒီထက် ပညာဆည်းပူးဖို့ လိုတာကိုလည်း သဘောပေါက်လာပါတယ်။

ဒီလိုနှင့် ရောဘတ်ရေးပြထားတဲ့ အခက်အခဲတွေဖြစ်တဲ့ အပြစ်ချည်းမြင်တဲ့သဘော၊ ပျင်းရိမှု၊ အလေ့အကျင့်ဆိုးတွေ၊ မောက်မာခက်ထန်မှုတွေ၊ စိုးရိမ်ကြောက်ရွံ့မှုတွေကို ကျော်လွှားနိုင်ဖို့ စတင်ကြိုးစားနိုင်ခဲ့ပါတယ်။

'ငါ ဘယ်လို လုပ်နိုင်မလဲ'ဆိုတဲ့ စဉ်းစားနည်းနှင့် ကြောက်ရွံ့စိတ်တွေကို ပယ်ဖျောက်နိုင်ခဲ့သလို၊ အကြွေးတင်ပြီးဒေဝါလီခံရမှာစိုးထိတ်နေမှုတွေက အလွတ်ရုန်းနိုင်ခဲ့ပါတယ်။ နောက်ဆုံး လစဉ်ဝင်ငွေ အခိုင်အမာပေးနိုင်တဲ့ လုပ်ငန်းတွေကိုဝယ်ဖို့ ကြံခဲ့တော့တာပါပဲ။

## လုပ်ငန်း
## ခွင် ဖြတ်
## သန်းမှု

၂၀၀၂ ခုနှစ်မှာ ရေခဲမုန့်လုပ်ငန်း စထောင်ခဲ့ရာက တစ်လကိုဒေါ်လာ ၁၅၀၀ လောက် ပုံမှန်ဝင်ငွေ ရလာပါတယ်။

နောက်တစ်ဆင့်တက်ကာ ငွေချေးပြီး လုပ်ငန်းကို တိုးချဲ့တယ်။ လွတ်လပ်ရေးပန်းခြံမှာ မုန့်ဆိုင်ဖွင့်တယ်။ ဒီအပြင် ဆေးပြားရောင်းတဲ့စက်ကလေးတွေ ဝယ်တယ်။ ဆေးရောင်းတယ်။ အဲဒီကလည်း အပိုဝင်ငွေတွေ ရတာပေါ့။ နောက်ပိုင်းမှာ စက်အလုံး ၂၀ ဝယ်နိုင်ခဲ့ရာက


mgyoe.com

m g y o e . c o m SAMPLE BOOK


ဝင်ငွေ ပိုဖြောင့်ခဲ့တယ် ဆိုရပါမယ်။ အဲဒီတင် စာရင်းချုပ်လိုက်တဲ့အခါ အသားတင်အမြတ် ဒေါ်လာ ၁၂၀၀၀ ထွက်ခဲ့တာ တွေ့ရပါတော့တယ်။

ကုမ္ပဏီမှလုပ်တုန်းက ရတဲ့ဝင်ငွေနှင့် တခြားစီပါပဲ။

ကျွန်မလုပ်သင့်တာ လုပ်ခဲ့တာမို့ ဘယ်ဆွေမျိုးမိတ်သင်္ဂဟတွေမှ အဖျက်မခံခဲ့ပါဘူး။ စီးပွားရေးစိတ်ဓာတ်ကို ကျွန်မဘာသာ ကျွန်မ ပြောင်းလဲပြီး လုပ်ခဲ့တာပါ။ အဲ့ဒီမှာ ကျွန်မကိုယ်ကျွန်မ စကား၃ ခွန်းပဲ ပြောခဲ့တယ်။

၁။ စီးပွားရေးလုပ်ရာမှာ ဘာမျှရှက်စရာမလိုဘူး။

၂။ 'မဖြစ်နိုင်ဘူး'လို့ ပြောသူတွေကို ဆန့်ကျင်လုပ်ချင်လုပ်မယ်။

၃။ အောင်မြင်ဖို့လုပ်တာပဲ။ အောင်ကို အောင်မြင်ရမယ်။

ခုဆို ကျွန်မတို့ဘဝဟာ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါပြီ။

ဟိုအရင်တစ်ချိန်တုန်းကဆို အလုပ်တစ်ခု လုပ်မယ်ဆိုရင် 'ငါ ဘယ်လောက်များတောင် ရှုံးမှာလဲ'လို့ စဉ်းစားနေကျပေါ့။

ခုတော့ လုပ်ငန်းစွန့်စားမှုနှင့် လိုက်လျောညီထွေတဲ့ပညာတွေကို ဖြည့်ဆည်းဖို့သာ စဉ်းစားပါတော့တယ်။

စီးပွားရေးကိစ္စတွေကို အများနှင့်မတူတဲ့အမြင်နှင့် ချဉ်းကပ် သုံးသပ်တဲ့အကျင့်လည်း ရနေပါပြီ။

ပေါ်လာမယ့် အရှုံး,အမြတ်တွေကိုချရေးပြီး အမှန်,အမှားကို ထွင်းဖောက်ရှာဖွေမှု လုပ်တတ်ရပါတယ်။

ဒီ့အပြင်လည်း အိမ်မြေပွဲစား, အခွန်တော်အရာရှိ, စာရင်းကိုင် အရောင်းမြှင့်သမား, အိမ်မြေရင်းနှီးမြှုပ်နှံသူတွေနှင့်ပါ စုဖွဲ့ထားပြီးပါပြီ။ သူတို့နှင့်ပေါင်းဖော်ရတာ အကျိုးမယုတ်တာတော့ သေချာပါတယ်။


m g y o e . c o m

mgyoe.com SAMPLE BOOK

ပို
လုံခြုံစိတ်ချ
မှုရှိတဲ့ အခြေအနေ

စက်တင်ဘာလ ၁၁ ရက် (ဝေါလ်ထရိတ်စင်တာတိုက်ခိုက်ခံရမှုကြီး)နောက်ပိုင်းမှာ စီးပွားရေးလောကဟာ အကြီးအကျယ် ပြောင်းဆန်သွားပါတယ်။ အထိနာပြီး ချောက်ချားခဲ့ရတယ်။ လူအတော်များများ ယိုင်လဲကုန်ကြတယ်။ ဒါပေမယ့် ကျွန်မတို့ကတော့ ဟန်မပျက်လိုက်ရပါဘူး။

၂၀၀၂ ခုနှစ်အတွင်းမှာ တခြားလူတွေ အသက်ရှူဖို့တောင် အနိုင်နိုင်ဖြစ်နေတဲ့ကြားက ကျွန်မတို့ကတော့ လုပ်ငန်းသစ် ၂ ခုတောင် ထူထောင်နိုင်ပါသေးတယ်။

ကြောက်တဲ့လူတွေကြောက်ပေမယ့် ကျွန်မမှာတော့ စိတ်ဓာတ်အင်အားတွေ အပြည့်ပါပဲ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေက လုပ်ငန်းဆုံးရှုံးမှာ, စီးပွားပျက်မှာ, ကြောက်တဲ့စိတ်တွေ ကင်းလွတ်စေခဲ့တယ်ဆိုရမှာပေါ့။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်မတို့ စီးပွားရေးလွတ်မြောက်မှုရမယ်လို့ အသွေးအသားထဲက ယုံကြည်ထားပါတယ်။ ဒါနှင့်အမျှ ကျွန်မတို့လုပ်ရပ်တွေ တိုးတက်ဖြစ်ထွန်းမှု အဆက်မပြတ် ရနေပါတယ်။ ကျွန်မနှင့် လုပ်ဖော်ကိုင်ဖက်တွေကလည်း ကျွန်မတို့ကိုအားကျပြီး အတုယူဖို့ ကြိုးစားနေကြပါပြီ။ တချို့ကတော့ ကျွန်မတို့လင်မယား ကံသိပ်ကောင်းတယ်တဲ့။

သူတို့ခမျာ ကံကောင်းအောင်မှ မလုပ်တတ်ကြဘဲကိုး။


mgyoe.com

SAMPLE BOOK


ကျွန်မ
တို့ အနာဂတ်

ကျွန်မတို့လင်မယားဟာ E (အလုပ်သမား)နှင့် S (တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်)အဖြစ်သာ ရပ်တည်နေဆဲပါ။

စားသောက်ဆိုင်မှာ တစ်ပတ်ကို ၃ ရက် အလုပ်ဆင်းရင်းက အဆက်အသွယ်ကောင်းတွေရခဲ့သလို၊ ဒေးဗစ်ကလည်း ဘီယာဖြန့်ချိရေး ကိုယ်စားလှယ် လုပ်နေတုန်းပါပဲ။

ကျွန်မတို့ရည်မှန်းချက်က အိမ်ငှားချထားတဲ့အလုပ်ကို ဖောက်ချလုပ်ရင်း B (လုပ်ငန်းရှင်ကြီး), I (ရင်းနှီးမြှုပ်နှံသူ) စင်စစ်တွေဖြစ်ဖို့ ရည်မှန်းထားပါတယ်။

လာမယ့် ၅ နှစ်အတွင်း ကျွန်မအသက် ၄၀ ပြည့်ပါတော့မယ်။ အဲ့ဒီအချိန်ကျရင် လုပ်ခစားလခစား ထပ်မလုပ်ချင်တော့ပါဘူး။ ဒီအတွက် နောက် ၂ နှစ်ကာလမှာ ကိုယ်ပိုင်လုပ်ငန်းတွေ ထွန်းကားတိုးတက်အောင် ကြိုးစားဖို့ ကြံထားပါတယ်။

အထူးသဖြင့် အိမ်မြေရင်းနှီးမြှုပ်နှံမှု ဆိုင်ရာပညာတွေကို ကြိုးစားသင်ယူနေတယ်ပေါ့။ ၂ နှစ်ကြာတာနှင့် လခစားအလုပ်က ထွက်မယ်လေ။ တတိယနှင့် စတုတ္ထနှစ်တွေမှာ အိမ်မြေနှင့် စတော့ဈေးကွက်လောကထဲ ဝင်မယ်လို့လည်း စိတ်ကူးထားတယ်။ ၅ နှစ်, ၆ နှစ်ကြာတဲ့ခါ လုပ်ငန်းရှင်, ရင်းနှီးမြှုပ်နှံသူတွေ ဘဝကို ကျင်ကျင်လည်လည် ရောက်နေပြီးသား ဖြစ်ရမယ်ပေါ့။

အချိန်ပိုရင်တော့ ကျောင်းက ကလေးတွေကို ကက်ရှ်ဖလိုးကစားနည်းတွေ သင်ပေးမယ်။ ဒါမှလည်း ငွေကြေးအကြောင်း, စီးပွားရေးအကြောင်း ပိုနားလည်လာပြီး ဘဝကို အထောက်အကူပြုနိုင်မှာမဟုတ်လား။


mgyoe.com

mgyoe.com SAMPLE BOOK

လောလောဆယ်အနေနှင့် ကျွန်မရဲ့ကလေးတွေ (၉ နှစ်နှင့် ၁၀ နှစ်)ကို ငွေပညာတွေ စ,သင်ပေးနေပါတယ်။ ငွေစုဖို့, ငွေရှာဖို့, ငွေပေးဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သူတို့ နားလည်သင့်သလောက် နားလည်နေပါပြီ။

ကျွန်မတို့ဘဝကတော့ တကယ်ကိုပြောင်းလဲခဲ့သလို ရှေ့ဆက်ကောင်းစားဖို့ပဲ ရှိပါတော့တယ်။ ဒါကလည်း ကျွန်မတို့က စနစ်တကျထိန်းချုပ်နိုင်ခဲ့လို့ပါပဲ။ ကျွန်မတို့အိပ်မက်တွေ ဘယ်နည်းနှင့်မျှ ပျောက်ဆုံးစရာမရှိတဲ့အပြင်၊ လက်တွေ့အကောင်အထည်ပေါ်အောင် စွမ်းဆောင်နိုင်မယ့်နည်းတွေ ရထားခဲ့ပြီပဲ ဆိုပါတော့။

■


mgyoe.com

အခန်း ၃

# အချိန်မနှောင်းသေးပါ

စီစီယာ မောရစ်ဆင်
စကော့စ်ဒေးလ်၊ အာရီဇိုနား

ကျွန်မဟာ ရောဘတ်ကီယိုဆာကီရဲ့ အဖွဲ့အစည်းမှာ ကန့်လန့်ကာနောက်ကွယ်က လှုပ်ရှားကပြရသူ ဖြစ်ပါတယ်။

အစကနဦးက ရောဘတ်နှင့်အတူ ပညာပေး ဟောပြောပွဲ၊ ဆွေးနွေးပွဲတွေကို လိုက်ပါခဲ့ရပေမယ့် သူတို့ပြောတာတွေ စိတ်မဝင်စားခဲ့ရိုး အမှန်ပါ။ ကျွန်မတို့ဟာ အသက် ၅၀ ကျော်ခဲ့တဲ့တိုင်အောင် ဘယ်ထောက်ပံ့ကြေး၊ ဘာပင်စင်လစာကိုမျှ အားမကိုးခဲ့ပါဘူး။ အချိန်ပိုင်း ကိုယ်ပိုင်လုပ်ငန်းရှင်အဖြစ်နှင့် ဘယ်အလုပ်သမား ခံစားခွင့်တွေမျှလည်း မရခဲ့သူပါ။

စီးပွားရေးနှင့်ပတ်သက်လို့ ရှေးရိုးစွဲတစ်ယူဆသန်ဆုံးကို ပြပါဆိုရင် ကျွန်မကိုကျွန်မ လက်ညှိုးထိုးပြရုံပဲ ရှိပါတယ်။

ဒါပေမယ့် မက်ဒီဆင်စကွဲယားပန်းခြံမှာ ရောဘတ်ရဲ့ပွဲထုတ်ခံရပြီး လူပရိသတ်ရှေ့မှာ ဟောပြောခဲ့ရချိန်မှာတော့ အသွင်ပြောင်းလူသစ်တစ်ယောက် ဖြစ်ခဲ့ရပါပြီ။

သူဌေးဖေဖေဆီက သတင်းနှင့်နည်းပညာတွေသာ မရခဲ့ရင် ကျွန်မတို့ ဘဝတွေအားလုံး တက်လမ်းရှိတော့မှာ မဟုတ်ပါဘူး။ စီးပွားရေး လွတ်မြောက်မှုဆိုတာလည်း ဘယ်ဆီနေမှန်း မသိမှာ သေချာပါတယ်။



mgyoe.com

ကျွန်မ
ဇာတိဘဝ

ကျွန်မဟာ စက်ရုံအလုပ်သမား ကက်သလစ်ဘာသာဝင် မိသားစုဝင်အဖြစ် ချီကာဂိုမှာ မွေးဖွားကြီးပြင်းခဲ့ရသူပါ။

ကျွန်မမိဘတွေက နိုင်ငံကူးပြောင်းလာတဲ့ ပိုလန်လူမျိုးတွေဖြစ်ပြီး၊ အဖေက သံမဏိစက်ရုံမှာ ဝင်လုပ်တယ်။ အမေက သားသမီး ၉ ယောက်ကို ပြုစုစောင့်ရှောက်ခဲ့ရပါတယ်။

ကျွန်မက အကြီးဆုံးပေါ့။ မိဘတွေက သူတို့ကလေးတွေအားလုံးကို အထက်တန်း ပညာတတ်တွေဖြစ်တဲ့အထိ သင်ကြားပေးခဲ့ကြပါတယ်။

ငွေနှင့်ပတ်သက်လို့တော့ ကျွန်မ မှတ်မိသလောက် အဘွားက ရှေးရိုးရာအတိုင်း စုဆောင်းခဲ့တာပဲ တွေ့ဖူးပါတယ်။ အဲ...ကော်ဖီဘူးအလွတ်တွေထဲ ပိုက်ဆံတွေထည့်ပြီး ခြံနောက်ဘက်မှာ မြှုပ်တာလေ။

ဒီလိုနှင့် ကျွန်မဟာ စာရင်းကိုင်တစ်ယောက် ဖြစ်လာခဲ့ပြီး ကုန်ထုတ်ကုမ္ပဏီတွေမှာ ဝင်လုပ်ခဲ့ပါတယ်။ ခင်ပွန်းဖြစ်သူ ဂျော့ချ်ကိုတော့ ကွန်ပျူတာကုမ္ပဏီကြီးတစ်ခုရဲ့ ကန်ထရိုက်အဖြစ်နှင့် တွေ့ခဲ့ရပါတယ်။ သူတို့လက်ထပ်ခဲ့တဲ့နောက် ကလေး ၂ ယောက် ထွန်းကားခဲ့တယ် ဆိုပါတော့။

ဂျော့ချ်နှင့် ကျွန်မဟာ ငွေတွေ မတရားရခဲ့သလို၊ မတရားဖြုန်းသုံးခဲ့ကြပါတယ်။ ဒီအထဲက နည်းနည်းပါးပါးတော့ စုမိခဲ့သပေါ့။ ဒါပေမယ့် အဲဒီစုငွေတွေကို ထုတ်သုံးဖို့ လက်တွန့်နေမိကြပါတယ်။

ကျွန်မတို့ အလုပ်လုပ်နိုင်သရွေ့ ပိုက်ဆံရတာကိုပဲ ပီတိဖြစ်နေခဲ့ကြတာကလား။



mgyoe.com

mgyoe.com
SAMPLE BOOK


## လန့်
## နိုးခြင်း

ဒီနောက် သူဌေးဖေဖေ ရုံးမှာဝင်လုပ်တော့မှ စာစဉ်တွေဖတ်မိပြီး ကက်ရှ်ဖလိုး ၁၀၁ ကို လုပ်ဖော်ကိုင်ဖက်တွေနှင့် ကစားမိတယ်။ ကျွန်မတို့စွဲကိုင်ထားတဲ့ စီးပွားရေးလမ်းစဉ်ဟာ ခေတ်မမီတော့ဘူး၊ ရေရှည်မှာ ဒုက္ခပေးတော့မယ်ဆိုတာ နားလည်လာပါတယ်။

သို့ပေမယ့် ဂျော့ချ်နှင့် တိုင်ပင်ရင်းက ပုံစံပြောင်းဖို့ နေ့ရွှေ့ ညရွှေ့ အချိန်ကုန်ခဲ့ကြတာပါပဲ။

အဲ၊ လွန်ခဲ့တဲ့ ၂ နှစ်ကတော့ အိမ်မြေနိုးနှောဖလှယ်ပွဲတစ်ခုကို တက်နားထောင်ခဲ့ရာက ငှားစားနိုင်တဲ့ အခန်းတွဲတိုက်တစ်လုံးကို ဝယ်ဖြစ်လိုက်ကြပါတယ်။

ဘဏ်အပါအဝင် တခြား ဘယ်သူဆီကမှ ငွေမချေးဘဲ ကိုယ်ပိုင်ငွေနှင့် ဝယ်ခဲ့ကြတာပဲ။ အထွေထွေစရိတ်တွေ နုတ်ပြီးတဲ့နောက် တစ်လကို ဒေါ်လာ ၁၀၀ လောက်ပဲ အသားတင်ကျန်တယ်ပေါ့။ ဒါဟာ အငြိမ်းစားယူချိန်အတွက် လုံလောက်တဲ့ဝင်ငွေ မဟုတ်တာတော့ အမှန်ပါပဲ။

ငွေချေးစနစ်သုံးတာဟာ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုကို ပိုင်ဆိုင်ပြီး၊ ရေရှည်အကျိုးဖြစ်ထွန်းမှုရှိကြောင်း နှီးနှောဖလှယ်ပွဲတွေ ဆက်တက်ရင်း သဘောပေါက်လာပါတယ်။

ကုမ္ပဏီအဖွဲ့ဝင်တွေက တစ်ယောက်ကို ဒေါ်လာ ၂၅၀၀၀ စီ ထည့်ပြီး ဒေါ်လာ ၁ သန်း ၁ သန်းခွဲတန် တိုက်ကြီးတစ်လုံးဝယ်ဖို့ ကြံကြပေမယ့် အထ,မမြောက်ခဲ့ကြပါဘူး။ ဒါကလည်း ဈေးမမြေရှင်ကြီးတွေ မဖြစ်ချင်တာကတစ်ကြောင်း၊ ငွေဝင်လမ်းက နေးကွေးကြာမြင့်လွန်းတာကြောင့် တစ်ကြောင်း ဖြစ်ပါတယ်။


mgyoe.com

ဒီလိုနှင့် ရင်းနှီးငွေ ၅၀၀၀၀ လောက်နှင့် မြန်မြန်ငွေပေါ်မယ့် အကြံကို စဉ်းစားကြရပြန်ပါတယ်။ ကျွန်မတို့အနေနှင့် အချိန်ပြည့် မလုပ်နိုင်ကြသလို၊ ငွေလဲလှယ်တဲ့လုပ်ငန်းကို အာရုံစိုက်မိကြတယ်။ ပထမ အင်တာနက်ပေါ်က နာမည်ခံ ဖရန်ချိုက်စ်လုပ်ငန်းတွေကို လေ့လာပြီး ဒေသတွင်းလုပ်ငန်းတွေဘက် ဦးလှည့်ခဲ့ကြတယ်။ ငွေလဲလှယ်ရေးအဖွဲ့ ၃ ဖွဲ့နှင့် ဆက်သွယ်စုံစမ်းခဲ့တယ်။ ၈ လလောက် အကြာမှာ လုပ်ငန်းသဘောတာကို တော်တော်လေး သိလာတော့တာပါပဲ။

ဖျက်တော့မယ်လုပ်ငန်းကို နောက်ဆုံး ကံကောင်းထောက်မစွာ ရလိုက်ကြပါတယ်။

ကျွန်မတို့ရဲ့ကိုယ်ပိုင်စုငွေကို မထိရအောင် အိမ်ကိုပေါင်ပြီး လုပ်ငန်းကို ဝယ်လိုက်တာပါပဲ။ ပေးဆပ်ရမှုတွေနည်းအောင် သီးခြားလုပ်ငန်းစု ကော်ပိုရေးရှင်းတစ်ခုကိုပါ ထောင်ထားလိုက်တယ်။

ပြီးတော့ ရေ၊မီး၊ဓာတ်ငွေ့ စတဲ့ ဝန်ဆောင်ခငွေတောင်းခံလွှာတွေနှင့်ပတ်သက်တဲ့ လုပ်ငန်းကိုလုပ်တယ်။

အသေးစားလုပ်ငန်းရှင်များအသင်းက ၅ နှစ် ဆပ်ချေးငွေတွေ ထုတ်ချေးခွင့်ရတယ်။

ဒီလိုနှင့် လုပ်ငန်းလည်ပတ်မှုအရှိန်ကောင်းခဲ့ပြီး နှစ်ချုပ်တော့ ဝင်ငွေ ၉၅၀၀၀ ဒေါ်လာရခဲ့တယ်။ ကုန်ကျစရိတ် နုတ်လိုက်တဲ့နောက် အသားတင်ဝင်ငွေ ၃၉၀၀၀ ထွက်လာတယ်။ ကုန်ကျစရိတ်ထဲမှာ ရုံးသုံးပစ္စည်းကိရိယာတွေအတွက် ချေးငွေတွေ အကျေဆပ်လိုက်တာလည်း ပါတယ်။ နောက် ၁ နှစ်ဆိုရင်တော့ အသားတင်ငွေငွေ ၆၀၀၀၀ လောက် ရမှာ ကျိန်းသေသွားပါပြီ။

နောက်ငွေကုမ္ပဏီ ၂ ခုကို ထပ်ဝယ်ဖို့ ကြံထားကြပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


အားလုံးအဆင်ပြေသွားရင်တော့ ၅ နှစ်ကြာတဲ့အခါ ကျွန်မတို့ဘဝမှာ ဘာမျှ ပူစရာမလိုတော့ဘူး ဆိုရမှာပါပဲ။

ဂျော့ချ်ကလည်း ခရီးတွေ အဆက်မပြတ်ထွက်ရတာကို နားချင်ပါပြီတဲ့။ သူဟာ ၂၅ နှစ်လုံးလုံး တစ်ပတ်မှာ ၅ ရက် အဝေး သွားလုပ်နေရတာကိုး။

ဘာပဲဖြစ်ဖြစ် ခုပုံစံအတိုင်းဆိုရင်တော့ ကျွန်မတို့ မျှော်မှန်းတဲ့ ပန်းတိုင်ဟာ နီးသထက်နီးလာပြီလို့ ပြောရတော့မှာပေါ့လေ။

## ကလေး

## တွေရဲ့

## တုံ့ပြန်မှု

အသက် ၂၇ နှစ်ရှိနေပြီဖြစ်တဲ့ သားကြီးက ကျွန်မတို့အလုပ်ကို စိတ်ဝင်စားနေပါတယ်။ သူက ကောလိပ်တက်ရင်း ကက်ရှဖလိုး ၁၀၁ ကို ကစားနေသလို အိမ်ပွဲစားတစ်ယောက်နှင့်ပေါင်းပြီး အငှားအိမ်အရောင်းအဝယ် လုပ်တာတွေတောင် လေ့လာနေပါပြီ။

၂၃ နှစ်အရွယ် သမီးငယ်ကလည်း ကျွန်မတို့လုပ်ငန်းကို စူးစမ်းလေ့လာနေရင်းက ကစားချပ်အကြောင်း သူ့အစ်ကိုကို မေးနေပါပြီ။ သူတို့မောင်နှမ ၂ ယောက်ပေါင်းပြီး အိမ်မြေရင်းနှီးမြှုပ်နှံမှု လုပ်ဖို့လည်း တိုင်ပင်နေကြတာ ကြားရပါတယ်။

ကျွန်မနှင့် ဂျော့ချ်အဖို့လည်း ဘဝဟာ အရင်နှင့်မတူအောင် သိသိသာသာကြီး ပြောင်းနေခဲ့ကာ၊ စီးပွားရေးအမြင်တွေလည်း ကျယ်နေပြီဆိုပါတော့။

မိဘတွေလက်ထက်နှင့် ယှဉ်ရင်တော့ တခြားစီပဲလို့ ပြောရပါလိမ့်မယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်မတို့ဟာ သားသမီးတွေကို အားထားမှီခိုစရာမလိုတော့သလို၊ လူမှုဝန်ထမ်းအဖွဲ့ကို မျှော်စရာ,အားကိုးစရာလည်း အကြောင်းမရှိတော့ပါဘူး။

မကြာမီ နှစ်အနည်းငယ်အတွင်း ဂျော့ချ် အသက် ၆၀ ပြည့်တဲ့အခါ၊ ကျွန်မတို့ဟာ ကောင်းကောင်းကြီး မတ်နေပြီလေ။

ကိုယ့်ဘဝ ကိုယ်ကျောင်းနိုင်တာ တကယ့်အရသာရှိပြီး ပီတိခံစားရတာကလား။

အရင်က တခြားလူတွေအတွက် တစ်ချိန်လုံး ခါးချည့်အောင်လုပ်ပေးခဲ့ရသမျှ ခုတော့ ကိုယ်လုပ်တာ ကိုယ် ရနေပြီပေါ့။

တကယ်လို့ ရှင်ဟာ အသက် ၅၀ ကျော်ပြီ၊ ဒါမှမဟုတ် ဒီထက်မက အိုနေပြီဆိုတဲ့တိုင်အောင် စီးပွားရေးနှင့် အခွင့်အလမ်းတွေကုန်ဆုံးပြီလို့ မမှတ်လိုက်ပါနှင့်။

သူဌေးဖေဖေရဲ့သင်ကြားပို့ချချက်တွေအရ လစဉ်ဝင်ငွေကောင်းတဲ့လုပ်ငန်းတစ်ခုကို ဝယ်နိုင်စွမ်းရှိသေးတယ်ဆိုတာ ယုံလိုက်ပါ။

ကျွန်မတို့တောင် တကယ်လုပ်နိုင်သေးရင် စာဖတ်သူရှင်တို့ရောဘာကြောင့် မတတ်နိုင်ရမှာလဲ။

ကဲ၊ လက်တွေ့စမ်းကြည့်လိုက်ပါလို့ စေတနာနှင့် တိုက်တွန်းလိုက်ရပါစေ။

တကယ်ပဲ အချိန်မနှောင်းသေးပါဘူး။

■


mgyoe.com

mgyoe.com SAMPLE BOOK


# အပိုင်း ၂

ဒီအပိုင်းမှာ ငွေကြေးစီမံခန့်ခွဲမှုနှင့်ပတ်သက်တဲ့ အကြောင်းတွေကို ကာယကံရှင်တွေကိုယ်တိုင် တင်ပြထားတာ တွေ့ရပါမယ်။

လူတွေဟာ ငွေနှင့်ပတ်သက်လာရင် တီကောင်ကို ဆားနှင့်တို့သလိုပဲ တွန့်ရှုံ့သွားတတ်ကြတယ်လေ။ အဲသလိုဖြစ်အောင်လည်း ငွေဟာ တန်ခိုးကြီးမားခဲ့ပေသကိုး။

ဒီငွေကို ကိုယ့်လက်ထဲမှာ ဘယ်လို ခိုင်မြဲအောင်, တိုးပွားအောင် လုပ်ရမလဲဆိုတာ သူဌေးဖေဖေက လမ်းညွှန်ခဲ့ပါတယ်။

ငွေကြောင့်စိတ်လှုပ်ရှားမှုတွေကို ထိန်းနိုင်တာဟာ ငွေပညာတတ်ဖို့နှင့် ငွေကြေးစီမံခန့်ခွဲမှုမှာ အရေးကြီးဆုံးပါပဲ။

ဒီအကြောင်းတွေကို အခုတင်ပြမယ့် ကာယကံရှင် ၃ ယောက်ရဲ့ ဇာတ်လမ်းတွေမှာ ဖတ်ရမှာပါ။

■


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ၄

## နိုင်မာတဲ့ ယုံကြည်ချက်နှင့်အတူ

ဒေးဗစ် လူးကပ်စ်
လစ်တဲလ်ရော့ခ်, အာကင်ဆတ်ပြည်နယ်

ကျွန်တော်ဟာ အာကင်ဆတ်ပြည်နယ် ဂျက်ဆင်ဗီးလ်မှာ မွေးဖွားကြီးပြင်းလာသူ ဖြစ်ပါတယ်။ ကျောင်းနေစဉ်တစ်လျှောက်လုံး အောင်မြင်အောင် လုပ်နိုင်တဲ့စွမ်းရည် အနည်းငယ်သာရှိတယ်လို့ ယုံကြည်ခဲ့ပါတယ်။ အတန်းထဲမှာ စာသိပ်မလိုက်နိုင်ခဲ့သလို၊ အောင်မြင်ဖို့ ကြိုးစားရာမှာလည်း အားပေးမှု သိပ်မရခဲ့ပါဘူး။

လွန်ခဲ့တဲ့ ၂ နှစ် (ကျွန်တော့်အသက် ၂၅ နှစ်)မှာတော့ လက်ထဲငွေပြတ်သွားတာနှင့် ကွန်ရက်ဈေးကွက်ကုမ္ပဏီမှာလုပ်နေတဲ့ သူငယ်ချင်းတစ်ယောက်က တိတ်ခွေတစ်ခွေ ပေးလိုက်တယ်။ အဲဒီကစပြီး စီးပွားရေးပညာကို သင်ယူဖို့ အစပျိုးမိပါတော့တယ်။

ကားထဲမှာ ဖွင့်နားထောင်တဲ့အခါ ရောဘတ် ကီယိုဆာကီက ကျွန်တော့်အာရုံကို ဖမ်းစားလိုက်ပါတယ်။

'ပိုင်ဆိုင်မှုတွေ ဝယ်ပါ၊ ပေးဆပ်မှုတွေ နည်းအောင်လုပ်ပါ' ဆိုတဲ့ စကားတစ်ခွန်းကို အသည်းစွဲသွားတယ် ဆိုပါတော့။

ဒါတွေဟာ လက်လှမ်းမီလောက်တဲ့ ပန်းတိုင်တွေပါပဲ။ ဒီလောက်တော့ ကျွန်တော် လုပ်နိုင်ပါတယ်။ ဘယ်လိုလုပ်ရမလဲဆိုတာ သင်ချင်လာပါတယ်။ ကျွန်တော်ဟာ အစကတည်းက အိမ်မြေလုပ်ငန်းကို


mgyoe.com

စိတ်ဝင်စားခဲ့ပါတယ်။ ခု အိမ်မြေပိုင်ဆိုင်မှုဟာ အနာဂတ်စီးပွားရေး တောင့်တင်းခိုင်မာမှုကို တည်ဆောက်တဲ့နည်းပဲလို့ နားလည်ခဲ့ရပါပြီ။

ဒီလိုနှင့် ကျွန်တော်ဟာ အိမ်မြေရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာအုပ်တွေ, တိတ်ခွေတွေကို အငမ်းမရ ဖတ်ရှု, နားထောင်မိပါတော့တယ်။

စီးပွားရေးပညာကို ဆည်းပူးရင်းက ဆုံးဖြတ်ချက်တွေ ရဲလာပြီး ဆုံးရှုံးတာ, ဘာမှန်းမသိတဲ့အရာတွေကို ကြောက်လန့်နေတာတွေကို ကျော်လွှားဖို့ ကြိုးစားခဲ့တယ်ပေါ့။

ထိုင်နေလို့တော့ ဘာမျှဖြစ်မလာဘူးဆိုတာ အမှန်ပါပဲ။ မှန်မှန်ကန်ကန် စွန့်စားလုပ်ဆောင်ရင်းက စီးပွားရေးလွတ်မြောက်မှုလမ်းပေါ် ရောက်မှာမလွဲပါဘူး။

လွန်ခဲ့တဲ့ ၁ နှစ်ခွဲလောက်က ကျွန်တော့်ဘဏ်သူဌေးဆီက ချေးငွေ ၁၈၅၀၀၀ နှင့် အိမ်တစ်လုံးကို ဝယ်ရင်းလိုက်တယ်။ အခု ၂၂၅၀၀၀ အထိ တန်နေပါပြီ။ တကယ်တမ်းမှာ အိတ်ထဲက ငွေ ၂၀၀၀ သာ စိုက်ခဲ့ရပေမယ့်၊ လစဉ်ဝင်ငွေ ၁၅၀၀ ရနေပါတယ်။ ဒီလောက် မြန်မြန်ဆန်ဆန် အောင်မြင်မှုရမယ်မထင်ခဲ့တဲ့တိုင်အောင် လက်တွေ့မှာ ဖြစ်နိုင်ခဲ့တယ် ဆိုရမှာပါ။

**ပထမ**

**ဆုံး လုပ်ငန်း**

**အတွေ့အကြုံ**

၁၉၉၆ ခုနှစ်က ကောလိပ်ကထွက်ပြီးတဲ့နောက် အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို စပ်တူလုပ်ခဲ့ဖူးပါတယ်။

၅ နှစ်အကြာမှာ ရှယ်ယာဝင်တွေထွက်သွားလို့ လုပ်ငန်းကို



mgyoe.com

mgyoe.com SAMPLE BOOK

ရောင်းပစ်လိုက်ရတယ်။ ကျွန်တော် ဒေါ်လာ ၅၀၀၀ လောက် ရှုံးခဲ့ရတာပေါ့။

၂၀၀၁ ခုနှစ်မှာ အမေရိကန်နှင့်ကနေဒါကို လှမ်းဆက်သွယ်နိုင်တဲ့ ဝက်ဘ်ဆိုင်လုပ်ငန်းတစ်ခု တည်ထောင်ခဲ့ပေမယ့် တာမရှည်လိုက်ပါဘူး။

လုပ်ငန်း ၂ ခုစလုံးက မအောင်မြင်တဲ့တိုင်အောင် ပညာတွေတော့ အတန်အသင့် ရလိုက်ပါတယ်။

ခုဆိုရင် တကယ့်စီးပွားရေးလောကကို ကြုံတွေ့ဖြတ်သန်းခဲ့ရသလို ဘက်စုံနီးပါး အဖိုးတန်ကျွမ်းကျင်မှုတွေ ရခဲ့ပါပြီ။

ဒီကြားထဲမှာ အမှားတွေတော့ တစ်ပုံကြီးပဲပေါ့။ ဒါပေမယ့် အမှားတိုင်းက သင်ခန်းစာယူနိုင်ခဲ့ပါတယ်။ ဒီအတွေ့အကြုံက အနာဂတ် အိမ်မြေလုပ်ငန်းအတွက် ကြောက်ခမန်းလိလိ ပျိုးထောင်သင်ကြားပေးလိုက်တာပါပဲ။

ဒီနေ့ဆို ကျွန်တော်နှင့်အတူ လက်တွဲဖော်ဇနီးသည် လိသ်ပါပါလာတာမို့ အားပိုရှိသွားတယ် ဆိုရပါလိမ့်မယ်။

## ကျွန်တော့်
## အိမ်များ

ကျွန်တော်ဟာ အိမ်တွေကို သတင်းစာတွေနှင့် အိမ်ခြံမြေမဂ္ဂဇင်းစာစောင်တွေထဲမှာ ရှာခဲ့ပါတယ်။ မြို့နီးချုပ်စပ်ကို သွားခဲ့သလို၊ မြေရှင်အဖွဲ့အစည်းတွေနှင့်လည်း စကားပြောပါတယ်။ ပုံမှန်ဝင်ငွေရမယ့် အိမ်တွေကို ရွေးပါတယ်။

ဒီနောက် ပိုင်ရှင်တွေနှင့် အရောင်းအဝယ်စကားပြောရင်း ဈေး


mgyoe.com

mgyoe.com SAMPLE BOOK

ပေးကြည့်ပါတယ်။ ပထမဆုံးအရောင်းအဝယ်မှာပဲ ပေးဈေးကို လက်ခံလိုက်ပါတယ်။

ဒီလိုနှင့် ဘဏ်ကငွေသွားချေးတော့ ၁၀ ရာခိုင်နှုန်း အာမခံငွေတင်ရမယ်ဆိုတာနှင့် အဆင်မပြေပါဘူး။ ဒုတိယဘဏ်ကျတော့ အိမ်ပေါင်ထားမယ်ဆိုတာ လက်ခံတာနှင့် အဆင်ပြေသွားပါတယ်။

ကျွန်တော်ဟာ ပထမ အိမ်ဝယ်စဉ်မှာပဲ ငွေရင်းအနည်းငယ်စိုက်လိုက်ရတယ်။ နောက် အိမ် ၂ လုံး ထပ်ဝယ်တော့ ကိုယ့်ငွေတစ်ပြားမျှမကုန်ဘဲ ငွေလှည့်လိုက်နိုင်တာပဲ။

ဒေါ်လာ ၃၅၀၀၀ နှင့်ဝယ်တဲ့အိမ်က လစဉ် ဒေါ်လာ ၅၀၀ ပေးပြီး၊ ခုဆိုရင် ၅၀၀၀၀ တန်နေပါပြီ။

ဒုတိယအိမ်ကလည်း ဒေါ်လာ ၆၀၀၀၀ နှင့်ဝယ်လိုက်တာ ခု ဒေါ်လာ ၇၅၀၀၀ တန် ဖြစ်နေပါတယ်။ ၃ နှစ်ဆက်တိုက် အငှားချလို့ ရခဲ့တာကတော့ ဒေါ်လာ ၄၅၅၀ ပါ။

တတိယအိမ်ကလည်း ဒေါ်လာ ၄၅၀၀၀ နှင့်ဝယ်ခဲ့တယ်။ ငွေပြန်တိုးအနေနှင့် ၃.၂၃ ရာခိုင်နှုန်းကိုက်ပြီး၊ လစဉ်ဒေါ်လာ ၃၅၀၀ လောက် ဝင်ငွေပေးခဲ့ပါတယ်။ ပြန်ရောင်းရင် ဒေါ်လာ ၅၀၀၀ ရမှာဖြစ်ပါတယ်။

ကျွန်တော်ဟာ ရိုးသားမှု,သစ္စာရှိမှုတွေကို အခြေခံပြီး လုပ်ငန်းအောင်မြင်အောင် လုပ်နိုင်ခဲ့တာပါ။ ခေါင်းကိုက်စရာ ပြဿနာလေးတွေ အနည်းအကျဉ်းတော့ ကြုံခဲ့ရတာပေါ့။ ဒါပေမယ့် ကိုယ့်ဆုံးဖြတ်ချက် အောင်မြင်တာနှင့်အမျှ ရင်းနှီးမြှုပ်နှံမှုရဲ့ အကျိုးအမြတ်, ဆုလာဘ်တွေ ခံစားရတာပါပဲ။

၂၀၀၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်ကုန်အထိ ကျွန်တော်တို့ဟာ တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်လေးတွေ ဖြစ်ခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

လောလောဆယ် အဆင်ပြေအောင် တခြားအလုပ်တွေလည်း တွဲလုပ်ဖို့ လိုကောင်းလိုပါလိမ့်မယ်။

ဘာပဲဖြစ်ဖြစ် အနေးနှင့်အမြန် တစ်ချိန်ချိန်မှာတော့ B နှင့် I အဆင့်ဝင် လုပ်ငန်းရှင်ကြီးတွေအဖြစ် အေးအေးလူလူ ထိုင်စားလို့ရမယ့် အခြေအနေကိုရောက်မယ်လို့ မျှော်လင့်ရတာပါပဲ။

တောက်ပ
လင်းလက်
အနာဂတ်

ကျွန်တော်ဟာ အိမ်ငှားခဝင်ငွေရယ်, ဘဏ်ကငွေထပ်ချေးပြီးရယ် အိမ်တွေထပ်ဝယ်ဖို့ ရည်မှန်းထားပါတယ်။ ၂၀၀၆ ခုနှစ် ဦးတည်ချက်က အိမ် ၁၆ ခန်းကို ပိုင်ဆိုင်ဖို့ပါပဲ။

၂၀၁၀ ခုနှစ်မှာ အခန်း ၄၀ လောက်ပိုင်ပြီး၊ လစဉ်ဝင်ငွေ ဒေါ်လာ ၁၀၀၀၀ အထက်မှာရှိဖို့ မျှော်မှန်းပါတယ်။

အသက် ၄၀ ကျရင် ချေးငွေအကြွေးတွေ ကျေကုန်ပြီး အိမ် ၁၀ လုံးထက်မနည်း ပိုင်နေတော့မှာပါ။

ဒီနောက် အခြေအနေအရ အဲဒီအိမ်တွေကိုရောင်းပြီး ရောမ အခန်းတွဲ တိုက်ကြီးတစ်တိုက်ကို ထပ်ဝယ်ချင်ဝယ်မယ် ဆိုပါတော့။

တစ်နည်းပြောရင် ဒေါ်လာ ၆ သိန်းလောက် အရင်းတည်ပြီး စရန်သတ်မယ်။ ချေးငွေစာချုပ်တွေကို အားကိုးပြုမယ်လေ။ ကျွန်တော့်အကြံအရ အဲ့ဒီအချိန်မှာ လစဉ်ဝင်ငွေဟာ ဒေါ်လာ ၂၀၀၀ လောက် ရှိနေပါပြီ။

ငွေဟာ အရေးကြီးတယ်ဆိုတာ ငြင်းစရာမရှိပါဘူး။ ဘဝမှာ တခြားအရေးထားရမယ့် အစိတ်အပိုင်းတွေလည်း ရှိနေပါသေးတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အဖေဟာ ဆေးဆိုင်ပိုင်ရှင်တစ်ယောက် ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်းပေမယ့် အချိန်ပြည့် အလုပ်လုပ်ခဲ့ရပါတယ်။ သူဟာ အိမ်မှာနေရတယ်လို့ သိပ်မရှိပါဘူး။ ကျွန်တော်ကတော့ သူ့လို မဖြစ်ချင်တာ အမှန်ပါ။

အခု ကျွန်တော် အသက် ၂၇ နှစ်ရှိပါပြီ။ ကိုယ့်စီးပွားရေးကို ကိုယ်စီမံထိန်းချုပ်နိုင်ခွင့်ရတာဟာ ပီတိဖြစ်စရာ အကောင်းဆုံးပါပဲ။ ပြီးတော့ ဝင်ငွေအနေနှင့် ဘယ်သူ့ဆီကမှ အောက်ကျခံ လက်ဝါးဖြန့်မတောင်းရတာလောက် စိတ်ချမ်းစရာကောင်းတာလည်း မရှိတော့ပါဘူး။

ဒီထက်ကြီးမားတဲ့ ယုံကြည်ချက် ရှိရမယ်ဆိုရင်လည်း ဘာဆိုတာ ကျွန်တော် မသိတော့တာ အမှန်ပါပဲ။

■


mgyoe.com

mgyoe.com
SAMPLE BOOK

အခန်း ၅

## မတူခြားနားတဲ့ ပညာရေး

ဗယ်လာရီအယ်လ် ကော်လီမိုး, အမ်၊ ဒီ၊

လက်ဖြူ, ဝါရှင်တန်

လွန်ခဲ့တဲ့ ၃ နှစ်က ကျွန်မဟာ စီးပွားရေးလမ်းဆုံလမ်းခွတစ်ခုကို ရောက်ခဲ့ပါတယ်။ ကျွန်မရှေ့မှာ ရွေးစရာလမ်း ၂ သွယ်ကို မြင်ရပါတယ်။ တစ်လမ်းက အနေးမောင်း ဘေးလမ်းဖြစ်ပြီး၊ ကျွန်မတစ်သက်လုံးလာခဲ့တဲ့ လမ်းပါပဲ။ ဒုတိယလမ်းကတော့ စီးပွားရေးအရ လွတ်လပ်စွာသွားနိုင်တဲ့ လူကုံထံသူဌေးကြီးတွေ အမြန်မောင်းနှင်နေတဲ့ လမ်းပေါ့။

စီးပွားရေးအရ အဝေးပြေးလမ်းမကျယ်ကြီးကို တွေ့နေရပါတယ်။ ကျွန်မကတော့ တွေဝေနေမိတယ်လေ။ ကျွန်မအဖို့ တွန်းအားလိုနေပါတယ်။ ပြီးတော့လည်း လောင်စာဆီထပ်ဖြည့်ဖို့, လမ်းညွှန်မြေပုံသစ်တစ်ခုရဖို့ကိုလည်း တောင့်တနေမိတယ်။

ကျွန်မနှင့် ကျွန်မမိသားစုဟာ ဒင်ဗာမှာ နေခဲ့ကြပြီး၊ ကိုယ်ချင်းစာစိတ်အပြည့်ရှိတဲ့ ပတ်ဝန်းကျင်နှင့် ထိတွေ့ခဲ့ကြရတာပါ။ လူမှုရေးကိစ္စတွေမှာ အခမဲ့ဝင်ကူညီရင်းက ပညာတတ်ရုံမက အလွန်ချမ်းသာနေတဲ့လူတစ်စုနှင့် ဆုံဆည်းခဲ့ရပါတယ်။

သူတို့စကားတွေအရ ဘွဲ့တွေ, ဒီဂရီတွေအပြင်၊ ဟန်ကျပန်ကျနိုင်လှတဲ့ ပုံစံတစ်ခုလည်း ရှိသေးတယ်ဆိုတာ သိခဲ့ရပါတယ်။ ကျွန်မ


mgyoe.com

mgyoe.com
SAMPLE BOOK


အံ့ဩတုန်လှုပ်သွားတာ အမှန်ပါပဲ။ ဘွဲ့တွေ၊ ဒီဂရီတွေ၊ ဒီပလိုမာ လက်မှတ်တွေ အများကြီးရှိနေရင်ပဲ စီးပွားရေးဘဝမှာ အာမခံချက် အလုံအလောက်ရပြီလို့ ကျွန်မ ယူဆထားခဲ့တာမဟုတ်လား။

သူတို့ပြောတဲ့နည်းလမ်းအရ လစာလုပ်စာနှင့် တခြားဘယ်သူ့ ကိုမှ အားမကိုးရဘဲ၊ ဘဝတစ်သက်တာ ဖူလုံအဆင်ပြေမယ့်ဆိုပဲ။ ကိုယ့်မိသားစုသာမက ကိုယ့်အသိုင်းအဝိုင်းတစ်ခုလုံးကိုပါ အကျိုးပြု နိုင်မယ်ဆိုတော့ ပိုစိတ်ဝင်စားသွားပါတယ်။

အဲ့ဒီနည်းကိုသင်ယူဖို့ ကြံလိုက်မိတယ်။ ဖြစ်နိုင်တယ်လို့ လက်ခံ လိုက်တာနှင့် လိုအပ်တဲ့သတင်းအချက်အလက်တွေကို ရှာမိတယ်ပေါ့။ ဒီလိုနှင့် ကျွန်မတို့မြို့က စာအုပ်ဆိုင်တစ်ဆိုင်မှာ 'သူဌေးဖေဖေ ဆင်းရဲ ဖေဖေ' စာအုပ်ကို တွေ့ခဲ့တော့တာပါပဲ။

စာအုပ်ကိုဖတ်လိုက်တဲ့အခါ ကျွန်မကျင့်သုံးခဲ့တဲ့ အစဉ်အဆက် အလေ့အထတွေနှင့် ကွဲပြားဆန့်ကျင်မှုတွေက ကျွန်မကို လန့်သွားစေ ပါတယ်။

အဲဒီစာအုပ်က ကျွန်မကိုယ်တိုင် ဖန်တီးခဲ့တဲ့ စီးပွားရေးမှိုင်းထဲက ဖောက်ထွက်ဖို့ လမ်းပြခဲ့ပါတယ်။ စီးပွားရေးအိပ်မက်တွေကို အတွေး သစ်၊ နည်းသစ်တွေနှင့် အကောင်အထည်ဖော်ဖို့ လမ်းညွှန်ထားတာတွေ ပါပါတယ်။ စာအုပ်ပါသင်ခန်းစာတွေအရ ဘယ်သူ့မဆို ကိုယ့်နည်းကိုယ့် ဟန် ကိုယ့်ဘဝနှင့်ဟပ်စပ်ပြီး အသုံးပြုနိုင်တာလည်း တွေ့ရပါတယ်။

ကျွန်မအဖို့တော့ ခင်ပွန်းသည်၊ သားသမီးတွေ၊ ရလာမည့် မြေးလေးတွေအတွက်ပါ အကျိုးပြုနိုင်တဲ့ ပထမခြေလှမ်းပါပဲ။

အနာဂတ်ကောင်းမွန်စေရုံသာမက တခြားလူတွေကိုပါ ပျော် ပျော်ပါးပါး ဝေငပေးနိုင်တဲ့ လက်တွေ့အသုံးချနည်းကို ရှာဖွေဖို့ ဆုံးဖြတ် လိုက်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


အဖိုး
တန် တကယ့်
ပညာ

ကျွန်မဟာ ဆရာဝန်တစ်ယောက်, ကလေးရောဂါကု ပါရဂူတစ်ယောက် ဖြစ်ပါလျက်နှင့် စီးပွားရေးအခက်အခဲ ကြုံခဲ့ရဖူးသူပါလို့ ပြောရင် ထူးဆန်းနေမလားပါပဲ။ ဒီ့အပြင် ဆေးဝါးဗေဒကျွမ်းကျင်သူ, အထွေထွေရောဂါကု ဆရာဝန်တစ်ဦးနှင့် လက်ထပ်ခဲ့သူလည်း ဖြစ်ပါတယ်။

နယူးယောက်စီတီးက ကိုလံဘီယာ ဆေးတက္ကသိုလ်မှာ ကျွန်မတို့ ဆုံခဲ့ကြရတာပေါ့လေ။ ပညာရေးဆိုတာကတော့ ကျွန်မတို့မိသားစုတွေရဲ့ အမြင့်ဆုံးဦးစားပေးခဲ့ကြတဲ့ ဂုဏ်ဒြပ်တွေပါပဲ။ ကျွန်မအဖေဘက်က မိဘတွေဆိုလည်း သူတို့ခေတ်က အမေရိကန် လူမည်းတွေ ရတောင့်ရခဲ တက္ကသိုလ်ဘွဲ့တွေ အရယူခဲ့ကြသူတွေပေါ့။

ကျွန်မတို့ဇနီးမောင်နှံ ၂ ယောက်စလုံးဟာ အသက် ၄၀ ကျော်ခဲ့ကြပြီး၊ ဆယ်ကျော်သက် သမီးလေးတွေကို ပညာတတ်တွေဖြစ်အောင် အားခဲကြိုးပမ်းနေကြဆဲ ဆိုပါတော့။ တစ်ဘက်က ပညာထူးချွန်ဖို့ လိုအပ်သလို၊ တစ်ဘက်မှာလည်း ဝင်ငွေကောင်းကောင်းရှိဖို့ အရေးကြီးတာကို တွေ့လာရပါတယ်။ ဒီ ၂ ခုကို ဆက်စပ်ပေးနိုင်တာက အာမခံချက်ရှိတဲ့ ရေရှည်စီးပွားရေး တည်ဆောက်ထားနိုင်ဖို့ပါပဲ။

လောလောဆယ်တော့ ကျွန်မတို့တစ်အိမ်ထောင်စာ စားဝတ်နေရေးက ဘာမှ ပူပင်ကြောင့်ကြစရာ မရှိပါဘူး။ အိမ်ကောင်းရာကောင်းမှာနေပြီး အပန်းဖြေထွက်, အဖိုးတန်ကားတွေစီးလို့ အဆင်ပြေနေတယ်ဆိုပါတော့။


mgyoe.com

mgyoe.com SAMPLE BOOK


တတ်နိုင်သမျှ လှူဒါန်းမှုတွေလုပ်ပေမယ့်၊ များသောအားဖြင့် ဖြုန်းတာတွေများတယ်လို့ ပြောရမှာပါပဲ။ ဒီပုံစံအတိုင်း ရှေ့ဆက်သွားလို့ကတော့ အနာဂတ်အရေးဟာ ရင်လေးစရာပေါ့။

တပိုင်တနိုင်လုပ်ပညာရှင်တွေအနေနှင့် ကိုယ်တိုင်မမာမကျန်းဖြစ်ရင်, လုပ်ငန်းပျက်ရင်, အလုပ်ထွက်လိုက်ရင် ဘယ်အခြေဆိုက်သွားမလဲ။

ကျွန်မကိုယ်ကျွန်မ မေးခွန်းထုတ်လိုက်တဲ့အခါ အသက်ရှူတောင်မှားသွားရပါတော့တယ်။

ယောက္ခမကြီးက မမာချင်ပြန်ပါဘူး။ အကြွေးတွေကလည်း တက်လာပြီ။ ဒီတော့ စီးပွားရေးကိုဂရုမစိုက်လို့ မရတော့တဲ့ အနေအထားပေါ့။

ဒီတွင် 'သူဌေးဖေဖေ ဆင်းရဲဖေဖေ'စာအုပ်ကို ဖတ်လိုက်ရပြီး ကျေးဇူးတင်စွာ စိတ်သက်သာရာ ရလိုက်ပါတော့တယ်။

စာအုပ်ထဲက အကြံဉာဏ်တွေနှင့် လက်တွေ့လုပ်ဆောင်ဖို့ စိတ်ကူးမိလိုက်တယ်။ ဒီ့အတွက် စီးပွားရေးဆိုင်ရာစာပေတွေ ထပ်ပြီးဖတ်တယ်။ ဒီလိုနှင့် ဘဝသစ်ကိုကူးဖို့ လမ်းစ ရှာတွေ့ခဲ့ရတာပါပဲ။

ကျွန်မတို့မိသားစုမှာ ငွေနှင့်ပတ်သက်တဲ့ အစဉ်အလာအရ ဆောင်ပုဒ်တွေ ရှိခဲ့ပါတယ်။

"ငွေရှာဖို့ ငွေလိုတယ်"

"ဘယ်လောက်ပဲကြိုးစားကြိုးစား ထိပ်ဆုံးရောက်ဖို့မလွယ်ဘူး"

"လက်ရှိဘဝမှာ ပျော်ပျော်နေ၊ ရသမျှ ခြိုးခြံသုံး"

"သူတော်ကောင်း နတ်ကောင်းမမှာပဲ"

"ချမ်းသာသူတွေသာ ပိုပြီးချမ်းသာကြတာ"


mgyoe.com

mgyoe.com

ကျွန်မကတော့ ချမ်းသာသူတွေလို ပိုချမ်းသာတဲ့လမ်းကို ဘယ်လို ရောက်အောင် သွားရမလဲဆိုတာ စ,တွေးခဲ့တဲ့သူပါ။

**ပေါ့ဆ**
**မိ အမှား**

၁၉၉၄ ခုနှစ်တုန်းက ကျွန်မတို့အိမ်ထောင်စု ကာလီဖိုးနီးယားမှာ နေခဲ့ပါတယ်။ ဒီတုန်းမှာ နော့ဇ်ရစ်ချ် ငလျင်ကြီးမလှုပ်ခင် ၂ ရက်မှာပဲ ၁ နှစ် ဒေါ်လာ ၄၀၀ တင်သွင်းရတဲ့ ငလျင်အာမခံကုမ္ပဏီက ကိုယ်စားလှယ်အမျိုးသမီး ရောက်လာပါတယ်။ ကျွန်မတို့ လင်မယားကို အာမခံစာချုပ်အသစ် ပြင်ဖို့ဆိုပြီး လက်မှတ်ထိုးခိုင်းပါတယ်။ ကျွန်မတို့လည်း အားနာတာရော, သိပ်အရေးမထားတာကော ပေါင်းပြီး အလွယ်တကူ လက်မှတ်ထိုးပေးလိုက်မိတာပါပဲ။

နောက် မမျှော်လင့်ဘဲ ကြောက်စရာငလျင်ကြီး ကျခဲ့ပါတယ်။ လူတွေနည်းနည်းပါးပါး ထိခိုက်ဒဏ်ရာရတာကလွဲလို့ အသေအပျောက် မရှိပေမယ့် အိမ်တွေတော့ အတော်လေး ပျက်စီးသွားကြပါတယ်။

ဒီလိုနှင့် အာမခံရုံးကိုသွားတော့ ကျွန်မတို့သွင်းထားတဲ့ အာမခံကြေး ၄၅၀၀ ကျော်သာ ပြန်ရပါတယ်။ လျော်ကြေးအနေနှင့် တစ်ပြားမှ မရခဲ့ပါဘူး။ ဟိုတစ်ခါ လက်မှတ်ထိုးပေးလိုက်တာ အာမခံစာချုပ်ကို ပယ်ဖျက်ပစ်လိုက်လို့ပါတဲ့။ ဟုတ်တယ်။ စာကို သေသေချာချာ ပြန်ဖတ်ကြည့်တော့ ဟုတ်နေတယ်။

စာကို သေသေချာချာမဖတ်ဘဲ ပေါ့ပေါ့ဆဆ လက်မှတ်ထိုးမိတဲ့ ဒဏ် ခံလိုက်ရပြီပေါ့။

ကျွန်မတို့ အိမ်ပြန်ပြင်တာ အကြွေးအများကြီး တင်သွားတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမယ့် ဒီတစ်ခါတော့ လက်သမားကို အနီးကပ်ကြီးကြပ်ပြီး ခိုင်းတာမို့ မတရားမကုန်ခဲ့ပါဘူး။

ဒီဖြစ်ရပ်က သင်ခန်းစာယူပြီး နောက်နောင် ငွေခန်းကြေးခန်းတွေမှာ ဂရုစိုက် လုပ်ဆောင်မိပါတော့တယ်။ ဒီသင်ခန်းစာအရပဲ 'သူဌေးဖေဖေ' စာအုပ်ကို ရှာဖတ်မိတာ ဆိုပါတော့။ စာအုပ်ဖတ်မိတဲ့နောက်ပိုင်းမှာ ငွေအကြောင်း, စီးပွားရေးအကြောင်းတွေမှာ ပိုပြီး ဂရုစိုက်လာတတ်ပါတယ်။

စီးပွားရေးပညာတွေ တစ်ဆင့်ထက်တစ်ဆင့် ဆည်းပူးခဲ့ရာက အငြိမ်းစားရန်ပုံငွေတွေကို နစ်နာမှုမရှိအောင် အပြောင်းအလဲ အရောင်းအဝယ်တွေ လုပ်နိုင်ခဲ့ပါတယ်။ ဒီ့အပြင် စတော့ဈေးကွက်မှာ အကျိုးအမြတ်ရအောင် ဝင်ကစားတတ်လာတယ်ပေါ့။ နောက်တစ်ဆင့်တက်ပြီး အိမ်မြေအရောင်းအဝယ်လောကထဲ စမ်းဝင်မိတော့တာပါပဲ။

လက်ကိုင်ငွေ ဒေါ်လာ ၂၀၀၀၀ နှင့်ရင်းပြီး၊ စခါစမှာ မလုပ်တတ်မကိုင်တတ် အမှားတွေကျူးလွန်မိပြီး တွက်သားမကိုက်ခဲ့ပါဘူး။ ဒါပေမယ့် အချိန်ယူပြီး သင်ကြားလေ့လာရာက လုပ်ငန်းအထာတွေ သိလာပါတယ်။

စုဖွဲ့.
ခြင်း အကျိုး

အိမ်ခြံမြေရင်းနှီးမှု တကယ့်ဘဝမှာ အခက်အခဲတွေ, ပြဿနာတွေ မွနေတာပါပဲ။

ဘာဆက်လုပ်မလဲ, ဘာတွေ သိဖို့လိုသလဲ, ဘာတွေ မှားပြီးပြီလဲ, ဒီအမှားကို ဘယ်လိုပြင်မလဲ, အခက်အခဲကို ဘယ်လိုကျော်ဖြတ်မလဲ ဆိုတဲ့ မေးခွန်းတွေနှင့် ရင်ဆိုင်ရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီမေးခွန်းတွေကို ဖြေရှင်းဖို့ ကျွမ်းကျင်ပြီးသား စေတနာ့ဝန်ထမ်း အကြံပေးတွေ, အတိုင်ပင်ခံပုဂ္ဂိုလ်တွေနှင့် ဆက်သွယ်ဆွေးနွေးပြီး နည်းနာခံရတာပေါ့။

ဒီလိုနှင့် ကံကောင်းထောက်မစွာပဲ ကျွန်မအတွက် အစုအဖွဲ့လေးတစ်ခု ဖြစ်လာတယ်။ အဲဒီထဲမှာ အိမ်မြေစီမံကိန်းအသစ်မှာ ပါဝင်တဲ့ ရှေ့နေကောင်းတစ်ယောက်, ပုဂ္ဂလိကဘဏ် လုပ်ငန်းရှင်တစ်စု, အိမ်ပွဲစားကိုယ်စားလှယ်တွေ, အတိုင်ပင်အကြံပေးအဖွဲ့တွေ ပါဝင်ပါတယ်။

ဒီအခါမှာ ကိုယ့်ကို မလိမ့်တစ်ပတ် ညာဝါးစားမယ့်လူတွေကို "ရှင်ပေးတဲ့အကြံနှင့် ကျွန်မအမြင်ကတော့ ဆန့်ကျင်ဘက်ပဲ" လို့ ပြောနိုင်တဲ့အဆင့်ကို ရောက်လာပါတယ်။ ကျွန်မကို လူတွေက လေးစားလာတယ်။ ဒါဟာ ကျွန်မကိုယ်တိုင်က ကြိုးစားလေ့လာမှုတွေ လုပ်ထားခဲ့လို့ပါပဲ။

သူဌေးဖေဖေပြောခဲ့တာ သိပ်မှန်ပါတယ်။

"အဖိုးတန် စီးပွားရေးပညာကို ကျောင်းမှာ သင်မပေးခဲ့သလို၊ ဓနဥစ္စာပိုင်ဆိုင်မှုအတွက်လည်း ဘယ်သူကမျှ ဘွဲ့ထူးဂုဏ်ထူးတွေ မပေးခဲ့ပါဘူး"

'ကျွန်မရဲ့ ပညာထူးချွန်မှု ကိုယ်ရေးရာဇဝင်' ထက် 'စီးပွားရေး အခြေအနေ အစီရင်ခံစာ' ကိုပြနိုင်ဖို့ စီးပွားရေးလောကမှာပို အရေးကြီးတယ်ဆိုတာ ကိုယ်တွေ့ ကြုံခဲ့ရပါပြီ။

သမီးလေးတွေ ဘွဲ့ရပြီးရင်လည်း စီးပွားရေးပညာကို လက်ထပ်သင်ပေးဖို့ ကြံရွယ်ထားပါတယ်။


mgyoe.com

m.gyoe.com SAMPLE BOOK

အခက်
ပြေအောင် ဖြေ
ရှင်းတတ်ပြီ

ရောဘတ်ကီယိုဆာကီက လူတွေကို နောက်ပြန်ဆွဲထားတတ်တဲ့ အခက်အခဲတွေအကြောင်း ရေးသားခဲ့ပါတယ်။

စိုးရိမ်ကြောက်ရွံ့မှုက အဆိုးဆုံးပါပဲ။ ကြောက်စိတ်ဟာ အသွင်သဏ္ဌာန်, အရွယ်အစား အမျိုးမျိုးနှင့် ဝင်လာတတ်ပါတယ်။

ကျွန်မဆိုရင်လည်း ပိုက်ဆံချမ်းသာရင် လူတွေက ဝိုင်းပယ်မှာ, အိမ်တွင်းရေး ပဋိပက္ခတွေကြုံရမှာ ကြောက်သလို၊ ကိုယ့်အလုပ်မှာ အရှုံးနှင့်ရင်ဆိုင်ရမှာလည်း အရမ်းကြောက်ခဲ့ပါတယ်။ စီးပွားရေးအခြေခံပညာတွေ တတ်လာတော့ ဒါတွေ မှားမှန်း နားလည်လာပါတယ်။ ကျွန်မရဲ့ချက်လက်မှတ်စာအုပ်ကို အသက် ၄၈ နှစ်အရွယ်မှာပဲ အဝင်အထွက်မျှအောင် ကောင်းကောင်းကြီး ထိန်းသိမ်းတတ်ခဲ့ပြီပေါ့။

အသားအရောင်ရှိလို့ ကိုယ့်ကို နှိမ်မလားဆိုပြီး စားပွဲထိုးတွေ, ကောင်တာစာရေးတွေကို ရက်ရက်ရောရောဘောက်ဆူးပေးတာလို တလွဲသုံးတာတွေကို လျှော့တတ်လာပါတယ်။

ဒီအကျင့်ဆိုးကို လိုအပ်တဲ့နေရာမှာသာ တကယ့်စေတနာ သဒ္ဓါတရားနှင့် ထုတ်သုံးတော့တယ် ဆိုပါစို့။

ပြောင်းလဲသွား
တဲ့ ဘဝပုံစံ

ဒီနေ့ဆိုရင် သူဌေးဖေဖေရဲ့ အားပေးအားမြှောက်မှုကြောင့် ကျွန်မ အသိအမြင်တွေ တိုးတက်ခဲ့ရပါပြီ။ စီးပွားရေးကို ကိုယ့်လက်ကိုယ့်ခြေနှင့် နိုင်နိုင်နင်းနင်း ကိုင်တွယ်လုပ်ကိုင်နိုင်ခဲ့သလို၊ ရှေ့ရေးအတွက်


m.gyoe.com

mgyoe.com SAMPLE BOOK


စီးပွားရေးမဖူလုံမှာ၊ ပျက်ဆီးဆုံးရှုံးမှာလည်း မစိုးရိမ်ရတော့ပါဘူး။

ဆက်လက်ပြီး စီးပွားရေးအရ လွတ်မြောက်ချမ်းသာတဲ့ဘဝကို အရောက်လှမ်းဖို့ပဲ ရှိပါတယ်။ အကြံတူဉာဏ်တူတွေနှင့် လက်တွဲခရီး ဆက်နိုင်မယ်လို့လည်း မျှော်လင့်ထားပါတယ်။

အိမ် ၁၀ လုံးလောက် လက်ဝယ်ပိုင်ထားတဲ့ ကျွန်မရဲ့အနာဂတ် ကို ပူပင်စရာမလိုတော့သလို၊ ရပ်ပစ်လိုက်ဖို့လည်း မစဉ်းစားတာ အမှန် ပါ။ တကယ့်ကို ပျော်စရာကောင်းတဲ့ ဘဝပါပဲ။

နောက်ဆုံးပြောချင်တာက လူတစ်ယောက်ဟာ အမှားတွေထဲက အမှန်ကိုရှာတွေ့မယ်လို့ ယုံကြည်တာပါပဲ။ ဒါဟာ သူဌေးဖေဖေဆီက သင်ခဲ့ရတဲ့ အသုံးဝင်ဆုံး အဖိုးတန်သင်ခန်းစာ ဖြစ်သလို၊ ကျောင်းသွား သင်စရာမလိုတဲ့ ပညာပါပဲလို့။

■


mgyoe.com

အခန်း ၆

# အောင်ပွဲတွေက ကြိုနေပါ

ရိဒ် ဂျေ ရှုဝိုက်ဇာ
ဝါနာတား, အင်ဒီယာနာပြည်နယ်

ကျွန်တော် ငွေအကြောင်းနားမလည်ခဲ့တာ အကြာကြီးပါ။

ကျွန်တော်ဟာ ကော်မရှင်စား အရောင်းသမားလေးဘဝနှင့် အသက် ၂၀ လောက်ကတည်းက ငွေတွေ ပုံအောရခဲ့ပေမယ့် ကြွေးပတ်လည် ဝိုင်းနေတဲ့လူပါ။

ငွေကြေးမပြေလည်မှုတွေဟာ ကျွန်တော့်အားနည်းချက်ကြောင့် ဖြစ်လာတာပါ။

ခရက်ဒစ်ကတ်တွေ အလွန်အကျွံသုံးတာ, ကိုယ့်အဆင့်ထက် ပိုပြီး ကြွားဝါနေထိုင်တာတွေက ငွေသောက ရောက်စေခဲ့တာပဲ ဖြစ်ပါတယ်။

ဒါဟာ ငွေကို စနစ်တကျခွဲဝေသုံးစွဲမှု မတတ်တာလို့ ပြောရမှာပါပဲ။

ငွေမလည်တော့ စိတ်ညစ်, စိတ်ညစ်တော့ အလုပ်ကောင်းကောင်းမလုပ်နိုင်, ရောင်းအားတွေကျ, အရောင်းကျတော့ လခလည်းကျ, လခနည်းတော့ စိတ်ညစ်နှင့် အညစ်သံသရာ လည်နေရတယ်လေ။

အိမ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းထဲဝင်ဖို့ဆိုတဲ့ စိတ်ကူးယဉ်


mgyoe.com